CHIN NATIONAL JOURNAL

**ပလက်ဝ**သည် ခေတ်အဆက်ဆက် တော်လှန်ရေးအဖွဲ့အစည်းများ လှုပ်ရှားသည့် နယ်မြေဒေသဖြစ်သည်နှင့်အညီ အားလျော်စွာ လူ့အခွင့်အရေး အကာအကွယ်မဲ့ဘဝနှင့် အသက်ရှင်သန်နေရသည်။ ထိုအခြေအနေ အရပ်ရပ်တို့ကြောင့် လူထုအပေါ် လက်နက်ကိုင် အင်အားစုများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုသည် ပြည်သူလူထုများ ယနေ့အချိန်ထိ ခါးသီးစွာ အလူးအလဲ ခံစားနေရဆဲဖြစ်သည်။ – *Page 22*



Jan-July
2025

This issue of the Chin National Journal (CNJ) is published by the
Information & Publicity Department of the
Chin National Front.

# index

၇၇ နှစ်မြောက် ချင်းအမျိုးသားနေ့ အမှာစကား ၄
ကာရံမညီတဲ့ ညီးတွားခြင်း ၆
တူညီတဲ့ ချင်းစကားလုံးများ (အပိုင်း ၁) ၇
ရဲဘော်တစ်ယောက်ရဲ့ ရင်ဖွင့်စကား ၈
ကြယ်စုံတဲ့ည ၉
စကားပုံ (Zotung) ၁၀
The Mirang from Chinland ၁၁
သေတူရှင်ဖက် ၁၆
ဗိုလ်ကြီး ဝါလ်ချာ ၁၇
စကားပုံ (Khumi) ၂၀
ဟဲလို ပလက်ဝ ၂၁
ပလက်ဝမြေ ၂၂
တောင်ယာအတူခုတ်ခြင်း ၂၃
ဗိုလ်ကြီး အောင်စိုးလင်း ၃၄
ယောက်မတစ်ချောင်း ၃၈
စကားပုံ (Khon So) ၄၀
Chin Warrior ၄၁
Doctor Cungpi ၄၄
စကားပုံ (Lautu) ၄၈
Winner of the Women Make Award ၄၉
Winner of the Martin Luther King Award ၅၀
A Speech by Salai Mang Hre Lian ၅၂
ကြယ်ကြွေည ၅၃
စကားပုံ (Asho) ၅၈
နန်းလုတိုက်ပွဲ ၅၉
အဖွားပြောတဲ့ တော်လှန်ရေးစကား ၆၀
အောက်ချင်းငှက်ရဲ့ သစ္စာ ၆၄

**Editor**
TL Mung

**Layout Design**
SMS

**Photography**
Kaw Bawi
Van Solo

**Illustrations**
Salai Nan Yan

**Graphic Designs**
Moeses

**Transcriptions**
Grace
Moeses

**Proofing**
Htun Lin Aung

**Publishing Manager**
Khin Mg Lay

"ကိုယ့်အားကိုယ်ကိုးတဲ့စိတ်ဓါတ်ကို အခိုင်အမာတည်ဆောက်ဖို့"တဲ့၊ Pu Zing Cung က ၂၀၂၅ ခုနှစ် (၇၇) ကြိမ်မြောက် ချင်းအမျိုးသားနေ့မှာ ပြောခဲ့တဲ့ မိန့်ခွန်းကတော့ ကျွန်တော်တို့ချင်းတွေအတွက် သိပ်လိုအပ်တဲ့ စကားပါ။ အခုလို ကိုယ့်ကိုယ်ပိုင် အစိုးရ၊ ကိုယ်ပိုင်ကာကွယ်ရေးတပ်တွေ၊ ကဗျာ အသီးသီးက ပညာရှင်တွေနဲ့ ကိုယ့်ကံကြမ္မာကို ကိုယ်ဖန်တီးနေတဲ့အချိန်မှာ ခေတ်အဆက်ဆက် အဝေးက အစိုးရတိုကနေ လမ်းဆောက်ပေးဖို့၊ တံတားဆောက်ပေးဖို့၊ ခရိုင်ပေးဖို့၊ မြို့ပေးဖို့ စသည်ဖြင့် ကျွန်တော်တို့တွေ တောင်းခဲ့ကြတာ ပြန်မြင်ယောင်မိလာတယ်။

"ချင်းတို့ချစ်တဲ့ပလက်ဝမြေ"ဆောင်းပါးမှာတော့ယခင်ချင်းတော်လှန်ရေးခေါင်းဆောင်ကြီးတွေရဲ့ ပလက်ဝမြေအတွက် ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်ဖို့ တိုက်ခိုက်ပြီး ကြိုးစားခဲ့ရတာတွေ ဖတ်ရတယ်။ တဖက်ကလည်း ချင်းသမိုင်းနဲ့ ပတ်သက်လာရင် "လက်နက်အင်အား၊ လူအင်အားမမျှတလို့" ဆိုတဲ့ စာကြောင်းကို အမြဲတမ်းတွေ့ရတတ်တာဖြစ်သလို နောက်တဖက်မှာလည်း အခက်အခဲအမျိုးမျိုးကြားက မဖြစ်ဖြစ်တဲ့နည်းနဲ့ နိုင်ငံတကာမှာရော ပြည်တွင်းမှာရော ကြိုးပမ်းလုပ်ဆောင်ရင်း အတိုင်းအတာတခုအထိ ရောက်နေပြီဖြစ်တဲ့ Dr. Cungpi တို့လို လူငယ်တွေ၊ US က အသိအမှတ်ပြုခံရတဲ့အထိ ပေါက်ရောက်နေပြီဖြစ်တဲ့ CHRO ရဲ့ Salai Mang Hre Liani Korea နိုင်ငံမှာ နာမည်ရနေပြီဖြစ်တဲ့ အားကစားသမား Chin Warrior လို့ခေါ်တဲ့ Henry တို့လို လူငယ်တွေအကြောင်းလည်း ဖတ်ရှုရင်း သူတို့ရဲ့ ပေးဆပ်မှုတွေ၊ ကြိုးစားမှုတွေကို မြင်တွေ့ရမှာပါ။ တချိန်တည်းမှာ ကျွန်တော်တို့ ချင်းလဲန်မှာ ကျွန်တော်တို့နဲ့ အတူနေ၊ အတူစားပြီး ချင်းတို့ရဲ့ တော်လှန်ရေးကို မှတ်တမ်းတင် ဓါတ်ပုံရိုက်ပြီးတော့ ဥရောပမှာ ပြပွဲတွေလုပ်ရင်း ချင်းလူမျိုးတွေရဲ့ ကြိုးပမ်းမှုကို ကမ္ဘာသိအောင် လုပ်ပေးနေတဲ့ ပြင်သစ်က ဓါတ်ပုံဆရာအကြောင်း၊ အိမ်နီးနားချင်း လက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ခေါင်းပုံဖြတ် နယ်မြေကျူးကျော်မှုတွေကြားက ကိုယ်မြေကိုကိုယ်တိုင်ကာကွယ်ဖို့ ကြိုးစားနေတဲ့ ချင်းအမျိုးသားတပ်မတော်ရဲ့ ပလက်ဝသား ဗိုလ်ကြီးတွေအကြောင်း၊ ဒါတွေအပြင် စာပေအနုပညာတွေဖြစ်တဲ့ ကဗျာမှာလည်း ငြိမ်းချမ်းစွာ အနားယူသွားပြီဖြစ်တဲ့ KT Pau နဲ့ အခြား ကဗျာဆရာ၊ ဆရာမတွေရဲ့ လက်ရာတွေကိုလည်း ဖတ်ရှုရင်း ရသခံစားပြီး ချင်းအမျိုးသားရေးအတွက် တွေးစရာလေးတွေကို ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

ဒီလိုကဗျာတွေနဲ့အတူ CDM ဗိုလ်ကြီးရဲ့ "ကြယ်ကြွေတဲ့ည" စကားပြေကိုဖတ်ရင်း ချင်းရိုးရာ ဂီတနဲ့ ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုတွေကို အမြင်တမျိုးနဲ့ ခံစားဖတ်ရှုရမှာဖြစ်သလို ကျွန်တော်တို့ CNJ team ကနေ စုစည်းထားတဲ့ ဒေသအလိုက် ချင်းစကားပုံတွေကိုလည်း လေ့လာဖတ်ရှုရင်း ၂၀၂၅ ခုနှစ်ရဲ့ နောက်နှစ်တစ်ဝက်ကို ပိုမိုခိုင်မာတဲ့ ခံယူချက်တွေ၊ အချင်းချင်းနားလည်မှုတွေနဲ့အတူ ကိုယ်အားကိုယ်ကိုးရင်း ဆက်လက် တိုက်ပွဲဝင်ကြဖို့ လေးစားချစ်ခင်စွာနဲ့ ဆန္ဒပြုလိုက်ပါတယ်။

CNJ team.



၇၇ နှစ်မြောက်ချင်းအမျိုးသားနေ့ကို Chinland ပြည်သူများ၊ ပြည်ထောင်စုတစ်ဝှမ်းနဲ့ နိုင်ငံတကာရောက်ရှိနေကြတဲ့ ချင်းအမျိုးသားများ နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပဆင်နွှဲနိုင်ကြခြင်းအကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ချင်းအမျိုးသားနေ့ဟာ ချင်းလူမျိုး တို့ရဲ့ သီးခြား ဂုဏ်အင်္ဂါလက္ခဏာများဖြစ်တဲ့ စာပေ၊ ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးတမ်းစဉ်လာရှိခြင်း၊ သီးခြား ပိုင်နက်နယ်မြေရှိခြင်းတို့ကို ဖော်ပြနေတာ ဖြစ်တယ်။

ယခုအခါ Chinland တွင်ချင်းလူမျိုးတို့ရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လက်တွေ့ကျင့်သုံးပြီး Chinland တည်ဆောက်ရေးနဲ့ ချင်းအမျိုးသား တည်ဆောက်ရေးကို ဖော်ဆောင်နေ ပြီဖြစ်တယ်။ ဒီလုပ်ငန်းတွေ အလျင်အမြန်အကောင်အထည် ဖော်ဆောင်နိုင်ရေးအတွက် ချင်းအမျိုးသားများ အနေနဲ့ ကြိုးပမ်း ဆောင်ရွက်ရမယ့် တာဝန်များကို မီးမောင်းထိုးပြောကြားလိုပါတယ်။

## CHINLAND COUNCIL
## ဥက္ကဋ္ဌ
# PU ZING CUNG
## (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့တွင် ပြောကြားသည့် မိန့်ခွန်း

ပထမအချက်ကတော့ Chinland ကာကွယ်ရေးတာဝန်ကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် တစ်မျိုးသားလုံးထမ်းရွက်ကြဖို့ ဖြစ်ပါတယ်။ Chinland ကိုကျူးကျော်လာတဲ့ ရန်သူတွေကို ချေမှုန်းတိုက်ထုတ်ရေးဟာ ချင်းအမျိုးသားများရဲ့ အဓိက တာဝန်တစ်ရပ်ဖြစ်ပါတယ်။ ချင်းအမျိုးသား အနေနဲ့ မည်သည့် နေရာတွင်နေထိုင်စေကာမူ မိမိရောက်တဲ့ အရပ်ကနေ Chinland ကာကွယ်ရေးတာဝန်တွေကို ကျေပြွန်စွာ ထမ်းဆောင်ကြရပါမယ်။ မိမိတို့ ရောက်ရှိနေတဲ့ ဒေသနဲ့နိုင်ငံများမှာရှိတဲ့ တာဝန်ရှိသူများက ပေးအပ်သည့်တာဝန်များကို စိတ်အား ထက်သန်စွာထမ်းရွက်ကြရပါမယ်။မိမိတို့နေထိုင်တဲ့ နိုင်ငံအသီးသီးကနေ သင်ယူတတ်မြောက် ထားတဲ့ အတတ်ပညာ၊ အသိပညာများဖြင့် Chinland တည်ဆောက်ရေးအတွက် ပါဝင် လုပ်ဆောင်ကြရမယ်။ Chinland မှာ နေထိုင်တဲ့ပြည်သူများအနေနဲ့ Chinland ကာကွယ်ရေးအတွက်ချင်းအမျိုးသားတပ်မတော်နဲ့ ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့တွေမှာ တာဝန်ထမ်းဆောင်ကြရပါမယ်။ မိမိတို့ဆင်နွှဲနေတဲ့တိုက်ပွဲသည်ပြည်သူ့တစ်ရပ်လုံးပါဝင်ဆင်နွှဲတဲ့ တရားသောပြည်သူ့တော်လှန်ရေးတိုက်ပွဲဖြစ်တဲ့ အတွက် ပြည်သူအားလုံးကျရာတာဝန်ထမ်းရွက် ကြဖို့လိုပါတယ်။

ဒုတိယအချက်ကတော့ ကိုယ်အားကိုယ်ကိုးတဲ့ စိတ်ဓာတ်ကိုအခိုင်အမာတည်ဆောက်ဖို့ဖြစ်တယ်။ Chinland ကို ဗြိတိသျှတွေ ကျူးကျော်မှု မပြုလုပ်မီအချိန်က မိမိတို့ ချင်းလူမျိုးများဟာ ကိုယ့်မင်းကိုယ့်ချင်းဖြင့် သီးခြားအုပ်ချုပ်ခဲ့ကြတဲ့ လွတ်လပ်သော လူမျိုးဖြစ်ပါတယ်။ ချင်းလူမျိုးသည် မိမိတို့၏ ပင်ကိုယ် စွမ်းအားအပေါ် ယုံကြည်မှု အပြည့်အဝရှိတဲ့လူမျိုးဖြစ်ပါတယ်။ မိမိတို့ တိုင်းပြည်နှင့် လူမျိုးအဓွန့်ရှည်တည်တံ့ရေးအတွက် သစ္စာရှိရှိ သတ္တိအပြည့်နဲ့ နယ်ချဲ့ကျူးကျော်မှု ရန်ကို ခုခံတွန်းလှန်ခဲ့ကြပါတယ်။ ဗြိတိသျှထံမှ လွတ်လပ်ရေး ရယူပြီးတဲ့နောက် အာဏာရှင် အဆက်ဆက်ကို တွန်းလှန်တိုက်ပွဲ ဆင်နွှဲတဲ့ ကာလတစ်လျှောက်မှာ ချင်းလူမျိုးများဟာ ကိုယ့်မြေထောက်ပေါ် ကိုယ် မားမားမတ်မတ်

> “ကိုယ်အားကိုယ်ကိုးတဲ့ စိတ်ဓာတ်ကို အခိုင်အမာ တည်ဆောက်ဖို့ဖြစ်တယ်”

ရပ်တည်ပြီး အာဏာရှင်စနစ်ကို တော်လှန် တိုက်ပွဲဝင်တဲ့ လူမျိုးဖြစ်ပါတယ်။ နွေဦး တော်လှန်ရေးမှာလည်း တူမီးသေနတ်နဲ့ ရှေ့ဆုံးက တော်လှန် တိုက်ပွဲဝင်တဲ့လူမျိုး ဖြစ်ပါတယ်။ ယခုဆိုလို့ရှိရင် ချင်းအမျိုးသား တပ်မတော်နဲ့ ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့များဟာ Chinland နဲ့ ချင်းလူမျိုး ကာကွယ်စောင့်ရှောက် ရေးကို တာဝန်ယူနေပြီဖြစ်တယ်။ Chinland မှာ ချင်းလူမျိုးတို့ဟာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ဒီမိုကရေစီစနစ်ကို လက်တွေ့ကျင့်သုံးနေ ပြီဖြစ်တယ်။ Chinland တည်ဆောက်ရေးမှာ ချင်းလူမျိုးများသည်သာ အဓိက အမြုတေ အင်အားစုဖြစ်ပါတယ်။ မည်သည့် နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းကိုမျှ ဩဇာခံရမယ့် လူမျိုးမဟုတ်ဘူးဆိုတာကို သတိချပ်စေချင် ပါတယ်။ ချင်းလူမျိုးရဲ့အင်အားဟာ ချင်းလူမျိုး အတွင်းမှာသာရှိပါတယ်။

တတိယအချက်ကတော့အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် တော်လှန်တိုက်ပွဲ ဝင်နေကြတဲ့ အဖွဲ့များ စည်းလုံးညီညွတ်စွာဖြင့်အတူတကွတိုက်ပွဲဝင်ကြဖို့ ဖြစ်တယ်။ ဖက်ဒရယ်ပြည်ထောင်စု တည် ဆောက်ရေးအတွက် မြန်မာစစ်တပ်ရဲ့နိုင်ငံရေးမှာ ပါဝင်နေခြင်းအားအဆုံးသတ်ရေး၊လက်နက်ကိုင်တပ်ဖွဲ့ များ အရပ်သားအစိုးရရဲ့ စီမံအုပ်ချုပ်မှုအောက်မှာ အပြည့်အဝထားရှိရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ အပြီးတိုင်ဖျက်သိမ်းရေး၊ ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီစနစ်တို့ဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး၊ ပဋိပက္ခအတွင်း မတရား ကျူးလွန်ခံရသူများအတွက် တရားမျှတမှု ရရှိရေးနဲ့ အသွင်ကူးပြောင်းရေးကာလ တရား မျှတမှုရရှိရေးတို့ကို ဆောင်ရွက် သွားမှာဖြစ်တယ်။ ဒီနိုင်ငံရေးဦးတည်ချက်တွေ ပြည့်ဝအောင် မြင်ဖို့အတွက် တော်လှန်ရေးအင်အားစုတွေ အတူတကွ အင်တိုက်အားတိုက် တိုက်ပွဲဝင်ကြရမှာ ဖြစ်တယ်။ ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက် ရာမှာ ပြည်နယ် အားကောင်းရေးမှ ပြည်ထောင်စု အားကောင်းရေး (Bottom-up Federalism) ချဉ်းကပ်မှုဖြင့် တည်ဆောက်ကြရမှာဖြစ်တယ်။ ပြည်ထောင်စုရဲ့အခြေခံဟာ ပြည်နယ်များ ဖြစ်တယ်။ ဒါကြောင့် Chinland တည်ဆောက်ရေး ကို ကိုယ့်ကြမ္မာကိုယ်ဖန်တီးမှု အခြေခံဖြင့် ချင်းပြည်သူအားလုံး ဝိုင်းဝန်းဆောင်ရွက် ကြရမယ်။

Chinland တည်ဆောက်ရေးတင် မဟုတ်ဘဲ ဖက်ဒရယ်ပြည်ထောင်စုတည် ဆောက်ရေး အတွက်လည်း ချင်းလူမျိုးများမှာ တာဝန်ရှိပါတယ်။ ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များ၊ တိုင်းရင်းသားလူမျိုးများအကြားနိုင်ငံရေးအရ၊ လူမျိုးရေးအရ တန်းတူရေးရှိဖို့၊ ငြိမ်းချမ်းစွာအတူ ယှဉ်တွဲ နေထိုင်နိုင်ဖို့ အခုကာစတင်ပြီး တည်ဆောက် ကြရမှာ ဖြစ်တယ်။ ⓖ

## ကာရံမညီတဲ့ ညီးတွားခြင်း

ကာရံမညီတဲ့ ညီးတွားခြင်း
ကာရံမညီတဲ့ ညီးတွားခြင်း

နင်ဟာ လွမ်းချင်းတပုဒ်ဆိုရင်
ငါဟာ တောတောင်နက်ထဲက ငိုချင်းပေါ့ ..
မတိတ်တဲ့ ကျည်သံကြားက
ချောင်းရေစီးသံတွေ ငါကြားနေရ ..
မလွယ်တဲ့လမ်းကို ငါတို့ရွေးခဲ့
အသင်အိပ်ပျော်နိုင်ဖို့ ..
ကြားနေရတဲ့ အမိန့်ပြန်စာတမ်းများလဲ
ငါတို့မကြားချင်တော့ ..
"အသင်သွားလိုရာ သွားနိုင်သည်" သတဲ့ ..
သို့သော် ... ကောင်းကင်ဘုံဆီ ..
အဖြစ်သနစ်က
ငါတို့ သွားလိုတာ
လွတ်လပ်သော အမိဌာနေမြေ ..
လွတ်လပ်သော မိဘအိမ် ..
ကိုယ်ပိုင်တဲ့အိမ် ...
အပူပင်ကင်းတဲ့အိမ်လေးဆီ ..
သွေးနဲ့ မိမိအပိုင်ကိုပြန်ရွေးရတဲ့ဘဝ ..
ဪ .... ခက်လှချည်ပေမယ့်
ဆက်လျှောက်ရမယ် .. ငါတို့ ...
ကိုယ့်အိမ်အပြန်လမ်းဆီကို ...
ဟူး .... !
ကျည်တချက်ထက်
လေတချက်သာ မှုတ်ထုတ်ချင်တယ် ...
အမောလေး ပြေပါရစေတော့ ...
မောပေသော်ငြား
ဆက်လျှောက်ရအုံးမယ် ..
စောင့်မျှော်တဲ့ ချစ်တဲ့သူတွေဆီ ...

KT Pau

# တူညီတဲ့ ချင်းစကားလုံးများ

## အပိုင်း (၁)

| | | | |
|---|---|---|---|
| အိမ် | in/im | လျှာ | lei |
| တောင်ယာ | lo | သွား | ha |
| အဖေ | pa | ဒူး | khuk |
| အမေ | nu | အရိုး | guh/ruh |
| အဒေါ် | ni | အသဲ | thin |
| ညီ | nau | လက်မောင်း | ban |
| အဘိုး | pu | ခွေး | ui |
| အဘွား | pi | ဝက် | vok |
| ခေါင်း | lu | နွားနောက် | se/sia |
| ပေါင် | phei | ကြက် | ai/ak/ar |
| ဆံပင် | sam | ဟင်း | meh |
| မျက်နှာ | (h)mai | ခေါင်/အရက် | zu/yu |
| လက် | k(h)ut | တံတွေး | ei |
| မျက်စိ | mit | | |

# တိုက်ပွဲတွင် ဖမ်းဆီးခံရသည့် ရဲဘော်တစ်ယောက်ရဲ့ ရင်ဖွင့်စကားသံ

ကျွန်တော်တို့တော်လှန်ရေးလုပ်တဲ့ တော်လှန်ရေးသမားအားလုံးဟာ ကျွန်တော်တို့ဖြစ်ချင်တဲ့အရာတွေ၊ ဆန္ဒတွေ ထားခဲ့ရတာတွေ ရှိသလို ကျွန်တော်တို့ မဖြစ်ချင်တဲ့အရာတွေ နဲ့လည်း ရင်ဆိုင်ရတာက ကျွန်တော်တို့ရဲ့ ဘဝ အစစ်အမှန်ပါပဲ။ ကျွန်တော်လည်း CNA ကို ဝင်ပြီး တော်လှန်ရေး စလုပ်တဲ့အချိန်မှာတော့ ကျွန်တော်က စစ်တိုက်မယ်ဗျာ။ ကျွန်တော်တတ်ထားတဲ့ ပညာလေးနဲ့ ကျရာကဏ္ဍကနေ တာဝန် ထမ်းဆောင်မယ်။ အဲ့လိုပဲ တွေးတာပေါ့။ ကျွန်တော့် စိတ်ကူးထဲမှာ တခါလေးမှတောင် မတွေးဖူးတာက အရှင်ဖမ်းခံရပြီး ရန်သူ့လက်ထဲ ရောက်သွားလိမ့်မယ်လို့ပေါ့။ ဒါပေမဲ့ ကျွန်တော် မဖြစ်ချင်ဆုံးအရာ ဖြစ်လာခဲ့တယ်။ ကျွန်တော့်ကို ရန်သူတွေ ဖမ်းသွားပြီ။ ရန်သူ့လက်ထဲရောက်သွားပြီ။ ကျွန်တော့်ကို ကျွန်တော် သေလူလို့ သတ်မှတ်လိုက်ပြီ။ ကျွန်တော့်မိသားစု၊ အပေါင်းအသင်း အားလုံးကလည်း ကျွန်တော့်ကို သေလူလို့ သတ်မှတ်မှာ သေချာတယ်။

ရန်သူ့ဘက်က ကျွန်တော့်ကို ဖမ်းသွားတဲ့အချိန် တွေးလိုက်တယ်။ ဒီဒဏ်တွေ ငါမခံနိုင်ဘူး။ သေချာတာကတော့ငါဘယ်လိုမှမလွတ်နိုင်တော့ဘူး။ ကျွန်တော်ဝမ်းနည်းတယ်။ ငိုတယ်။ဘာမှမထူးလာဘူး။ ကျွန်တော်အရမ်း ချစ်ရတဲ့ တော်လှန်ရေးကြီးနှင့် ရဲဘော်ရဲဘက် တွေကို ငါထားခဲ့ရပြီ။ ရည်မှန်းချက်တွေ မပြည့်ခင်မှာ ကျွန်တော် တကယ်ကြီး အရာအားလုံးကိုကျောခိုင်းပြီး ထွက်သွားရ တော့မှာလား။ ငါတကယ်ကြီး သူတို့လက်ထဲမှာ သေသွားရင်ကော ငါ့အလောင်းကိုဘယ်သူက မြှုပ်ပေးမလဲ။ ဘယ်ဘဝကြီး ရောက်သွားမလဲ။ စသဖြင့် အတွေးစုံတာပေါ့။ ရန်သူ့လက်ထဲ ရောက်သွားတဲ့ (၈) လကျော် အတော အတွင်းမှာ ကျွန်တော် ကြုံခဲ့ရတဲ့ အခက်အခဲတွေ၊ နာကျင်စရာတွေကို ကျွန်တော် ပြန်လှန်ပြီး မပြောချင် တော့ဘူးဗျာ။ ကျွန်တော် အနားယူမယ်လို့ ကျွန်တော် တွေးဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော့်စိတ်ကတော့ ခွင့်မပြုဘူး။ ကျွန်တော် အဖမ်းခံရပြီး လွတ်လာတာနဲ့ နားလိုက်ရင် ကျွန်တော့်ကိုကြည့်နေတဲ့ ပတ်ဝန်းကျင်က ကျွန်တော့်ရဲ့ညီတွေ စိတ်ဓာတ်

> “ကျွန်တော်အရမ်းချစ်ရတဲ့ တော်လှန်ရေးကြီးနှင့် ရဲဘော်ရဲဘက်တွေကို ငါထားခဲ့ရပြီ။ ရည်မှန်းချက်တွေ မပြည့်ခင်မှာ ကျွန်တော် တကယ်ကြီး အရာအားလုံးကို ကျောခိုင်းပြီး ထွက်သွားရတော့မှာလား”

ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

ကျွန်တော် အခုလွတ်မြောက်လာပြီးနောက်ပိုင်း ကျွန်တော် မိဘတွေ ရှိတဲ့ဆီ ပြန်ပြီး ကျွန်တော် သေချာနားလည်လိုက်တဲ့ အရာ တစ်ခုက ကျွန်တော် တို့ရဲ့ အသက်ရှင်ခြင်းနှင့် သေခြင်းအခွင့်ဟာ ဘုရားလက်ထဲမှာပဲ ရှိတယ်ဆိုတာကိုပါပဲ။ ကျွန်တော့်လို ဆိုးမိုက်ပြီး အပြစ်အများကြီး လုပ်တဲ့ လူကိုတောင် သေခြင်းကနေ ပြန်လည် လွတ်မြောက်လာတဲ့ အခွင့်ပေးတာဟာ ကျွန်တော့်အတွက်တော့ မယုံနိုင်စရာ အံ့ဩဖွယ်ရာ ဖြစ်ရပ်ပါပဲ။ အဲ့ဒါကြောင့် အခုလိုမျိုး လွတ်မြောက်လာဖို့ နောက်ကနေ ဆုတောင်းပေးနေတဲ့ မိဘ ညီအစ်ကို မောင်နှမတွေနဲ့ချစ်ခင်ရတဲ့ မိတ်ဆွေတွေ အားလုံးကို ကျေးဇူးအထူးတင်တယ်။ ပြီးတော့ ကျွန်တော် လွတ်မြောက်ဖို့ ကူညီပေးကြတဲ့ CNF/A ဘက်ကလူကြီးတွေ၊ ခေါင်းဆောင်တွေ အားလုံးကိုလည်း ကျွန်တော့် ကျမယ်။ ကျွန်တော်သာ နားလိုက်မယ်ဆိုရင် CNA ကို မဝင်လာသေးတဲ့ လူငယ်တွေက ဘယ်လိုလုပ် ဝင်ချင်ကြမလဲ။ CNA ကို ဘယ်လို ယုံကြည်ကြ တော့မလဲ။ ကျွန်တော့် တစ်ဦးတစ်ယောက်ကြောင့် တပ်ရဲ့ လူအင်အား တိုးပွား မလာရင်တောင်မှ ယုတ်လျော့သွားတာမျိုး ကျွန်တော် လက်မခံပါဘူး။ ကျွန်တော့်ကြောင့် ဒီအဖွဲ့အစည်းကို လူတွေ ယုံကြည်လာတာမျိုးကို ကျွန်တော် ကြိုက်ပါတယ်။ ကျွန်တော် နောက်ဆုံး ဆန္ဒပြုလိုတာက ချင်းအချင်းချင်း စည်းလုံးညီညွတ်အောင် စစ်ရေး၊ နိုင်ငံရေး၊ အဘက်ဘက်မှာ ညှိနှိုင်းပူးပေါင်း နိုင်အောင် ကြိုးစားပေးကြပါလို့ အဖွဲ့အစည်း အသီးသီးက တာဝန်ရှိသူတွေနဲ့ ခေါင်းဆောင် တွေကို ပြောချင်ပါတယ်။ ⓒ

ကောင်းကင်ကို မော်ကြည့်
ကြယ်တွေစုံတဲ့ညတဲ့
သေချာရေတွက်ကြည့်လိုက်တော့
မကြွေသင့်ဘဲကြွေတဲ့ ကြယ်တွေ
မတောက်ပတော့တဲ့ ကြယ်လေးတွေ
တစ်ခြမ်းပဲ့ ကြယ်လေးတွေ
အော်
ကြယ်တွေ မစုံတော့တဲ့ည

ချင်း

ZOTUNG

# MEHCHI NAWHKHU MAETHAE SAW!

## မသာနောက် သေနတ်ဖေါက်

အချိန်လွန်မှ ငွေကြေးကုန်ကျခံခြင်း၊ အပင်ပန်းခံလုပ်ဆောင်ခြင်းများဟာ
အကျိုးမရှိကြောင်း သတိပေးထားတဲ့ Zotung ဆိုရိုးစကားဖြစ်ပါတယ်။

ချင်းစာကျ







# the mirang from Chinland

ချင်းလဲန်ရဲ့ ချင်းလူမျိုးတွေရဲ့ တော်လှန်ရေးကို ပြင်သစ်ရဲ့ မြို့တော် ပါရီ အထိ
အရောက်ပို့ပြီး ချင်းလဲန်အရေးကို ကမ္ဘာကသိအောင် လုပ်ပေးနေတဲ့
ဓါတ်ပုံဆရာ Alexander (နာမည်တု) နှင့် CIC တို့ တွေ့ဆုံမေးမြန်းခြင်း။



**CIC: Please introduce yourself and describe your relationship with Chinland.**

I'm a European photographer, and I've traveled to Chinland several times. My first trip was in 2022, notably in Victoria Camp and Thantlang, with the CNA. I quickly fell in love with the region and was deeply moved by the Chin people's struggle for democracy.

I decided to document their resistance against the junta — to expose the military's crimes against civilians and capture this historic moment unfolding in this part of the world. That's why I returned for a month in 2023, and again in 2024, mainly working alongside the CNA.

**CIC: Memorable experiences in Chinland.**

I carry many memories from Chinland — some painful, others filled with joy. There were hard moments: the fighting in Thantlang; ambushes on the road near Ramkhlau; a deadly junta airstrike on the village of Khuafo; and the suffering of civilians displaced by the war, sheltering in the Bungkua camp.

But there were also joyful moments: singing around the fire at Camp Victoria; laughing after falling off motorbikes on muddy roads near Hakha in the rain; smoking cigars on a little bridge in a village near Kalay; swimming in the Thiau River; having Sanpiauh for breakfast. These are memories that will stay with me for life.

**CIC: Your view on the Chin people.**

As a journalist, I've traveled widely — across continents and conflicts — but I've never met a people like the Chin. I was struck by their kindness, their warm hospitality, and their strong traditions. They are truly unique. What touched me the most is their gentleness: they are a people at war, yet they have preserved their humanity. Their souls haven't been hardened by conflict. That, to me, proves they are fighting for a just cause.

Among the people I photographed, it was the younger generation that moved me the most. Many are my age, and beyond the war, we actually had a lot in common: they spend time on TikTok, hang out with friends, listen to the same music, fall in love, get their hearts broken, and dream of the future. But I also saw in Chin youth that is determined, guided by strong values — justice, democracy, dignity — and willing to fight for them. They are role models to me. I will always admire them.

**CIC: Compared to France, what do you wish the people in Chinland would do?**

That's a tough question, because honestly, I don't think the Chin people have anything to learn from someone like me. I





don't live what they live. I don't feel what they feel. I've never fought in a war. I've never lost a loved one in conflict.

All I can say is that I believe their fight is just — crucial not only for the region, but for the entire country. The Burmese junta is criminal — it kills, burns, and destroys. Those who stand for democracy and justice are on the right side of history.

From my experience covering other conflicts, I've seen that victory is not a sprint — it's a marathon. It takes time. And sometimes, even victory can bring internal divisions. That's why unity and humanity are the only real, lasting victories.

First, unity. The unity of the Chin factions is, in my opinion, one of the keys to the region's future. Past and present rivalries — whether territorial or political — risk derailing the path to victory. They can divide hearts and lead to internal chaos, because there's nothing more unnatural than fighting your own people.

Then, humanity. War dehumanises. It breeds hatred and rejection. One of the greatest challenges after war is to break the cycles of violence that can consume us without even realizing it. It takes strength, forgiveness, justice, and humanity — but it's the key to lasting peace.

**CIC: Tell us about your photo exhibitions and the impact they've had on European audiences.**

My work documenting the Chin resistance has been published and exhibited across Europe — in museums from Italy to France to Eastern Europe. In Europe, people deeply value democracy, resistance to oppression, and the pursuit of revolution. In that sense, the Chin struggle echoes many of Europe's past fights. Thousands have seen your struggle, heard your pain, and stand behind you. Many Christian organizations, in particular, have been moved by your story, as they share your faith.

I believe that information is one of the most powerful tools we have. Through information, people become aware, and awareness brings the power to act. That's my role: to inform, so that people can respond. Many in Europe want to support the Chin cause and the Burmese people. While distance makes that hard, public pressure and activism are pushing governments to act — to sanction the junta and boycott its war economy. Information also ensures that this moment in history won't be forgotten — that what is happening in Chinland will be remembered.

**CIC: What is the future with you and Chinland?**

My dream is to return to Chinland, to continue working alongside you, and to keep telling your story — and the future you are building. But the situation is changing fast, and it's getting harder to come back. Still, I never forget Chinland, and I know I will return. ⑥







# ပလက်ဝသား ဗိုလ်ကြီး ဝါလ်ချာ နှင့်တွေ့ဆုံခြင်း

သေတ္တရှင်ဖက်

သေတ္တရှင်ဖက်
လျှို့ဝှက်အပ်စွာ
ဆောင်ရွက်မကောင်း
အချင်းချင်းတွင်၊ မာတာပိတု
အခင်းကြီးငယ်၊ မိဘကိုထား
ရှိခါဝယ်လုပ်၊ မယားသော်ငှာ
မဖယ်မသွယ်၊ မပြောရာ၏
ညီညာကုန်း၍ ရန်းကြလေ။

ဗိုလ်ကြီး ဝါလ်ချာ

ကျွန်တော့်နာမည်ကတော့ ဝါလ်ချာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ဇာတိကတော့ ပလက်ဝမြို့နယ်၊ ပေါမာတောကျေးရွာ ဖြစ်ပြီးတော့ ၁၉၇၇ခုနှစ်၊ မေလ(၁၅)ရက်နေ့မှာ အဘ ဦးလောင်လာနှင့် အမိဒေါ်ဒေါ်ပာီး တို့မှ မွေးဖွားခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ကိုယ်ပိုင် နံပါတ်ကတော့ စီစီ-၅၂ ဖြစ်ပြီးတော့ အဆင့်အားဖြင့်တော့ ဗိုလ်ကြီးဖြစ်ပါတယ်။ ၁၉၉၈ခုနှစ် ချင်းအမျိုးသားတပ်မတော်ထဲ မဝင်ခင် အချိန်ထိတော့ ကျွန်တော်အပြင်မှာပဲ သာမန်ပြည်သူ ကျောင်းသားဘဝနဲ့ပဲ သွားလာနေထိုင်ခဲ့ပါတယ်။ အပြင်မှာနေတဲ့အချိန်တုန်းကတော့ ကျွန်တော်တို့ ချင်းလူမျိုးအရေးတွေမှာ တစ်စုံတရာ ပါဝင် လုပ်ဆောင်ခဲ့တာတွေတော့ မရှိခဲ့ပါဘူး။ အိမ်မက်တွေ တော့ အများကြီးရှိခဲ့တာပေါ့။ အရင်ကတော့ ကျွန်တော်က အားကစား ဝါသနာပါခဲ့တယ်။ စိတ်ကူးထားခဲ့တာကတော့ ဆရာဝန်ဖြစ်ဖို့ပေါ့ ဒါပေမယ့် ချင်းအမျိုးသားတပ်မတော်က ကျွန်တော့်ကို အမျိုးသားရေးတာဝန် ထမ်းဆောင်ဖို့ လာရောက် ခေါ်ဆောင်ခဲ့တဲ့ အချိန် ၁၉၉၈ ခုနှစ်မှာပဲ အမျိုးသားရေး တာဝန်ကိုစတင် ထမ်းဆောင်ခဲ့တာ ဖြစ်ပါတယ်။

**တော်လှန်ရေး**ထဲ ရောက်စမှာ ကျွန်တော် စိတ်ကူးခဲ့တာတော့ ကျွန်တော် ဒီတပ်ထဲ မဝင်ခင်က (၈)တန်းအောင် ထိပဲတက်ရောက်ခဲ့ရတယ်ဆိုတော့ ဒီတပ်ထဲမှာ(၅)နှစ်လောက် တာဝန်ထမ်းဆောင်ပြီးရင် ပြန်ထွက်မယ် ကျောင်းပြန် တက်မယ်ဆိုတဲ့ စိတ်ဓာတ်တော့ရှိခဲ့တယ်။ တော်လှန်ရေးမှာ ကိုယ်တိုင်ပါဝင်လာပြီးတဲ့ အချိန် ကြာညောင်း လာတာနဲ့အမျှချင်းလူမျိုးတွေကိုချစ်တတ်လာတယ်။ ချင်းဖြစ်ရတာကို ဂုဏ်ယူတတ်လာပြီး ကျွန်တော်တို့ ချင်းလူမျိုးတွေအတွက်ကျွန်တော်တို့ချင်းပြည်အတွက် ကျွန်တော်တို့ ချင်းတွေကိုယ်တိုင်က ချင်းအရေးမှာ



အိမ်မက်တွေတော့အများကြီးရှိခဲ့တာပေါ့။
အရင်ကတော့ ကျွန်တော်က
အားကစားဝါသနာပါခဲ့တယ်။
စိတ်ကူးထားခဲ့တာကတော့ ဆရာဝန်ဖြစ်ဖို့ပေါ့

မပါဝင် မလှုပ်ရှားဆိုဘူးဆိုရင် အခြား လူမျိုးခြားတွေက ကျွန်တော်တို့ လူမျိုးတွေအတွက် လာလုပ်ပေးမှာမဟုတ်ဘူး ဆိုတဲ့ အတွေးတွေ တွေးခေါ်တတ်လာတယ်။ ကိုယ့်လူမျိုးအတွက် ပိုပြီးတော့ လုပ်ပေးချင်တဲ့ စိတ်တွေပိုဖြစ်လာပြီး အခုချိန်ထိ နှစ်အားဖြင့်ဆိုရင်တော့ (၂၇) နှစ် ကျော်တိုင်အောင် ဒီမှာပဲ ချင်းအမျိုးသား တပ်မတော်သား တစ်ယောက် အနေနဲ့ တာဝန်ထမ်းဆောင်နေတာ ဖြစ်ပါတယ်။

ချင်းအမျိုးသားတပ်မတော်ကို ဝင်ရောက်ပြီး နောက်မှာ ဒီကပေးတဲ့ အခြေခံ စစ်သင်တန်း၊ ထောက်လှမ်းရေး၊ ဒုခွဲရေးသင်တန်း၊ ဥပဒေသင်တန်း၊ ခေါင်းဆောင်မှုပညာ၊ ဆေးသင်တန်း စတဲ့ သင်တန်းတွေကို တက်ရောက်ခဲ့ပါတယ်။ တာဝန်ထမ်းဆောင်တဲ့ ဌာနနေရာတွေကို ဖော်ပြရမယ်ဆိုရင် ၁၉၉၉ ခုနှစ်ကနေ ၂၀၀၅ ခုနှစ် အထိတော့ ထောက်လှမ်း တပ်သား၊ ထောက်လှမ်း ရေး တာဝန်ခံအနေနဲ့ကတော့ ၂၀၀၅ ခုနှစ်ကနေ ၂၀၀၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့တယ်။ ထောက်လှမ်းရေးကနေ ပြီးတော့မှ ဆေးတာဝန်ခံ အဖြစ် ထပ်မံပြီးတော့ တာဝန်ထမ်းဆောင်ခဲ့တယ်။ နောက်ပိုင်းတော့ တပ်မဟာ၊ တပ်ရင်းတွေမှာ ဆက်လက် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ တာဝန်ထမ်းဆောင်နေတဲ့ အချိန်မှာလည်း ကျွန်တော့်အနေနဲ့တော့

..."အဲ့ဒီချိန်မှာကျွန်တော် စဉ်းစားတာ ကတော့ ကျွန်တော်တို့ဆီမှာသာ ဆေးကုသဖို့ ဆေးဝါး ပြည့်စုံခဲ့မယ်ဆိုရင် သူတို့အသက်တွေ ဆုံးရှုံးမှာမဟုတ်ဘူး ဆိုပြီးတော့ပေါ့။ "...

ခက်ခဲမှုတွေကြုံတွေ့ရတယ်ကျွန်တော်ဌာနတစ်ခုမှာ တာဝန်ခံ အနေနဲ့ (၄) နှစ် (၅) နှစ်လောက်နေခဲ့တယ်၊ ပြီးတော့ အခြား နေရာပို့လိုက်၊ အခြားဌာနတွေ ပို့လိုက် ဆိုတော့ ဒီဌာနတစ်ခုမှာရှိတဲ့ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှု နှင့် ပညာတွေကို ပြည့်ပြည့်ဝဝ လေ့လာလုပ်ဆောင်ခွင့်တော့ မရခဲ့ဘူး။ကျွန်တော်တို့က စစ်သားဆိုတော့ အမိန့်အတိုင်းသွားရတော့ ကျရာကဏ္ဍမှာ ကျရာ နေရာမှာပဲ လိုအပ်ချက်တွေ အများကြီးနဲ့ လေ့လာ သင်ယူရင်းနဲ့ပဲ တာဝန်ထမ်းဆောင်နေပါတယ်။

အရင်က ကျွန်တော်တို့ ချင်းအမျိုးသား တပ်မတော်ဟာဆိုရင် လက်နက်ခဲယမ်း၊ စားနပ်ရိက္ခာ၊ စားသောက်နေထိုင်မှု၊ ဆေးဝါးလိုအပ်ချက်တွေနဲ့ ခက်ခက်ခဲခဲ ဖြတ်သန်းခဲ့ကြရတယ်။ မိုးကာအိမ် ဆိုရင်တောင် လုံခြုံမှုမရှိခဲ့ဘူး တစ်ချို့ရဲဘော်တွေ ဆိုရင် ဆေးဝါးကုသမှု မပေးနိုင်ခဲ့လို့ ကျဆုံးသွားရတဲ့ ရဲဘော် ရဲဘက်တွေ လည်းရှိခဲ့တယ်။ အဲ့ဒီချိန်မှာ ကျွန်တော် စဉ်းစားတာ ကတော့ ကျွန်တော်တို့ ဆီမှာသာ ဆေးကုသဖို့ ဆေးဝါး ပြည့်စုံခဲ့မယ် ဆိုရင် သူတို့ အသက်တွေ ဆုံးရှုံးမှာ မဟုတ်ဘူး ဆိုပြီး တော့ပေါ့။ ကျွန်တော်တို့ရဲ့ မပြည့်စုံတဲ့ လိုအပ်ချက်တွေနဲ့ လုပ်ခဲ့ရတဲ့ တော်လှန်ရေး အစပြုအခြေအနေ တစ်ချို့ကို ပြောပြချင်တာပါ။

၂၀၁၁–၂၀၁၂ မရောက်ခင်ထိတော့ ဆေးဝါးပိုင်းတော့ တကယ်ကိုအားနည်းခဲ့တယ်။ အခုနောက်ပိုင်းတော့ တော်တော်လေးကို ပြည့်စုံ လာပါပြီ။

တော်လှန်ရေးလုပ်တာပဲဖြစ်ဖြစ် ဘယ်နေရာပဲ ဖြစ်ဖြစ် အားနည်းချက်၊ အားသာချက်တော့ ရှိကြစမြဲပါပဲ။ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ အခုဆိုရင် ကျွန်တော်တို့ရဲ့ ချင်းအမျိုးသားတပ်မတော် ဟာ အရာရှိတွေလည်း များလာသလို ရဲဘော် အင်အားလည်း အင်မတန်မှ တောင့်တင်းလာပြီ။ အဲဒီအချိန်မှာပဲ ဥပဒေနဲ့ ကိုက်ညီတဲ့ မူပေါ်လစီတွေ ချမှတ်နိုင်ဖို့ လိုအပ်တယ်။ အဲ့လိုလုပ်ဆောင်မယ် ဆိုရင် ကျွန်တော်တို့ ဘယ်သူ ဘယ်ဝါဖြစ်ဖြစ် ဥပဒေဘောင်ထဲမှာပဲ လူမှန်နေရာမှန်နဲ့ စည်းစနစ် တကျတာဝန် ထမ်းဆောင် နိုင်ကြမယ်။ ဒီအဖွဲ့ အစည်းကြီး ဟာလည်း ချင်းပြည်သူတွေအတွက် အားကိုး အားထားရတဲ့ အဖွဲ့အစည်း ဖြစ်လာမယ်လို့ ကျွန်တော့်အနေနဲ့ထင်မြင် မိပါတယ်။

လိုအပ်ချက်တွေအများကြီးရှိသေးတာပေါ့။ လုပ်ငန်းတာဝန်ခွဲဝေမှု မှာပဲဖြစ်ဖြစ်၊ ရာထူးတာဝန်ပေးအပ်တဲ့ နေရာမှာပဲဖြစ်ဖြစ် သေချာစနစ်တကျ မဖြစ်တော့ ခွဲခြားမှုတွေရှိနေသလိုဖြစ်နေတယ်။ အဲဒီအရာတွေကို ပြုပြင်ဖို့တော့လိုအပ်မယ်။

ချင်းလူမျိုးတွေအတွက်တော့ ကျွန်တော်တို့ အခုဆိုရင်ချင်းလဲန်ကောင်စီလည်းပေါ်ပေါက်လာပြီ တပ်အနေနဲ့ ဆိုရင်တော့ အရင်ကတည်းကတည်ရှိပြီးသားဖြစ်တဲ့ CNA ပေါ့နော် ကျွန်တော်တို့က ကောင်းကောင်းအုပ်ချုပ်နိုင်မယ် ဦးဆောင်နိုင်မယ် ဆိုရင်တော့ ချင်းလူမျိုးနှင့် ချင်းပြည်အတွက် အကောင်းဆုံး အနာဂတ်ကို ပိုင်ဆိုင်နိုင်မှာ ဖြစ်တယ်။ အခုကတော့ မျိုးနွယ်စွဲ၊ ဒေသစွဲပုံစံတွေပဲ များနေတာကိုတွေ့ရတယ်။ အဲဒီအရာတွေကို ပယ်ဖျက်နိုင်ဖို့ ဆိုရင်တော့ ကျွန်တော်တို့ လူမျိုးတွေ ကောင်းကောင်း စည်းရုံးရေး ဆင်းနိုင်မှရမယ်။ ချင်းပြည်သူတွေအနေနဲ့လည်း ချင်းဖြစ်တည်ခြင်းကို ကိုယ်ကိုယ်တိုင်ကလည်း လေ့လာသုံးသပ်နိုင်ဖို့လည်း လိုအပ်တယ်။ အခုဆိုရင်တော့ ကျွန်တော်တို့ ချင်းလူမျိုးထဲမှာလည်း အဖွဲ့တွေကွဲထွက်နေကြတာ။ နောက်တစ်ခု တစ်ချို့အဖွဲ့တွေဆိုရင်တော့ ဒီတော်လှန်ရေးကြီး ပြီးဆုံးသွားရင်တောင် ယူနီဖောင်းချွတ်ပြီး လက်နက်စွန့်ချင်ကြမှာ မဟုတ်ဘူး။ အဲ့သူတွေက ကျွန်တော်တို့အတွက် ရန်သူဖြစ်လာနိုင်တယ်။ အဲလိုရန်သူမဖြစ်ခင် အချင်းချင်းကြား တိုက်ခိုက်မှုတွေ မဖြစ်ခင်မှာ ကျွန်တော်တို့တွေက ကောင်းကောင်းလေး စုစည်းနိုင်ဖို့အရေးကြီးတယ်လို့ထင်တယ်။ အဓိကတော့ လူကြီးပိုင်းခေါင်းဆောင်တွေက တွေ့ဆုံဆွေးနွေးနိုင်ဖို့ ကြိုးပမ်းကြဖို့လိုအပ်တာပေါ့။ ကိုယ့်လူမျိုး အချင်းချင်းတော့ ရန်သူမဖြစ်သင့်ဘူးလို့ ကျွန်တော့်အနေနဲ့တော့ ယူဆမိတယ်။

ကျွန်တော်တို့က လူတစ်ဦးတစ်ယောက် ဖြစ်လာပြီဆိုတာနဲ့ အမျိုးသားရေး ဆိုတဲ့အရာနဲ့ ဘယ်သူမှ ခွဲခွာလို့မရဘူး။ စွန့်ပစ်လွှင့်ပစ်လို့လည်း မရဘူး။ သစ္စာဖောက်လို့ လည်းမရဘူး။ ဖျောက်ဖျက်လို့မရတဲ့အရာတစ်ခုပေါ့။ ကျွန်တော်ကိုယ်တိုင် အခုချိန်ထိ ဒီအမျိုးသားရေးမှာ ပါဝင်လှုပ်ရှားမှုတွေ အပေါ် အားရကျေနပ်မှု မရှိသေးဘူး။အများကြီးလိုအပ်မှုတွေရှိတယ် အသက် အရွယ်လည်း စကားပြောလာပြီ ဆိုတော့ စိတ်သွားတိုင်းကိုယ်မပါတဲ့ အချိန်တွေလည်း ရှိလာတယ်။ ကျွန်တော့်အနေနဲ့ အခုချိန်ထိ မိသားစု အတွက် ဘာတစ်ခုမှ အကောင်းမွန်ဆုံး မလုပ်ပေး နိုင်ခဲ့ သေးတဲ့အတွက် နောင်နှစ်တွေမှာ မိသားစု အတွက် အကောင်းဆုံး အချိန်ပေးပြီး လုပ်ပေးသွား ဖို့တော့ ဆန္ဒရှိပါတယ်။ ဒါပေမယ့် ကျွန်တော် ဒီချင်းလဲန် နှင့် ချင်းလူမျိုး အတွက် ကျွန်တော် အသက်နဲ့ ခန္ဓာရှိသရွေ့ တော့ အကောင်းဆုံး လုပ်ဆောင် ပေးနိုင်အောင် ကြိုးပမ်းသွားဦး မှာပါ။ (J)

တစ်ချို့အဖွဲ့တွေဆိုရင်တော့ ဒီတော်လှန်ရေးကြီး ပြီးဆုံးသွားရင်တောင် ယူနီဖောင်းချွတ်ပြီး လက်နက်စွန့်ချင်ကြမှာမဟုတ်ဘူး။ အဲ့သူတွေက ကျွန်တော်တို့အတွက် ရန်သူဖြစ်လာနိုင်တယ်။

# KHUMI

## KASAI MAWI Y TYM Y RAI KHAI Y AMTEINGTAI ATHAI Y ANEANG VEING

### ဆင်သားကိုမရောက်မီ သဖန်းသီးနဲ့ ကျေနပ်ရ

ရှေးအခါက ဆင်တစ်ကောင်နဲ့ ကျားတစ်ကောင်တို့ အလောင်းအစား ပြုလုပ်ကြရာမှာ ဆင်က ရှုံးတဲ့အတွက် ကျားကဆင်ကိုစားဖို့ ဖြစ်လာပါတယ်။ ဆင်က သူ့ရဲ့ အပေါင်းအပါ သာလိကာ ငှက်တွေရဲ့ အကူအညီနဲ့ သူ့ကိုယ်ခန္ဓာကို သဖန်းသီးအမှည့်တွေနဲ့ ဖုန်းအုပ်ထားတဲ့အတွက် ကျားက ဆင်ကိုမစားခင်မှာ သဖန်းသီးတွေကို စားပြီး ဗိုက်ပြည့်သွားတဲ့ ကျားက ဆင်ကို မစားတော့ပဲ ထွက်သွားပါတော့တယ်။ ဒီလိုနဲ့ ဆင်ဟာ အသက်ချမ်းသာရာရခဲ့တဲ့ Khumi ရိုးရာ ပုံပြင်ထဲက စကားပုံလေးဖြစ်ပါတယ်။





# ဟဲလို ပလက်ဝ

မင်းတပ်နဲ့ပလက်ဝ
ကျောချင်းကပ်နေတာတောင်
ကုန်းကြောင်း နှင်လျှောက်ရတာ
တစ်ပတ်လောက် ကြာတယ်
မှန်းသွားရင်း လမ်းပျောက်
စကားမပေါက်တော့လည်း
ညစာမဲ့ကျားကြောက် အမှောင်ထဲ
တောတွင်းတစ်ည လပျောက်ခဲ့
ခရီးပန်း နွမ်းနယ်သမျှ
ဆမီးရဲစခန်းမှာ ခဝါချ
ပလက်ဝနဲ့ ငါနီးခဲ့ပေါ့။

ခူမီးကျေးလက်
ညှော်ဝတ်ပြူပုံ အံ့သြရ
ရွာထဲညှော်ဝင်သမျှ
အလှို အလှို ထမင်းဟင်း ချက်ပို့
ဗိုက်ပြည့်လည်း ငြင်းခွင့်မရှိ
ထမင်းတစ်လုတ်တေတော့ စားပြရ
ချစ်စရာဓလေ့
စိတ်ချမ်းမြေ့ရဲ့။

ပလက်ဝငှက်ဖျား
ရောက်ရောက်ချင်း ဆောက်နဲ့ထွင်း
ညတွင်းချင်း ဆေးရုံရောက်
ဗာဒံပင်အပျိုပေါက်အောက်
ခေါင်းငိုက်စိုက်
ကုလားတန်မှာ ပိုက်ချ
ညနေခင်း မီးတောက်အရက်
ပလက်ဝကို သောက်ခဲ့တယ်။

တာဝန်ခံကျောင်းအုပ်
တွဲဘက်အလယ်တန်း အုတ်မြစ်
သဲတစ်ပွင့်အဖြစ်
သံထောင်ကို နှစ်ရက်ခရီး
မနီးလည်း မညည်းခဲ့
ဆလိုင်းသာဒိုးရေ…
ခရီးတစ်ထောက် ထောက်ပံ့
နှစ်ဆယ့်ငါးကျပ်တန်တစ်ရွက်
ရင်ဘတ်ထဲ ရှိဆဲ
တောထဲတောင်ထဲ လူသူမကြောက်ရ
ငြိမ်းချမ်းတဲ့ သဘာဝအောက်က
ကြိုရာပင်ရိပ်
အိပ်မက်အေးချမ်း
တောရိပ်တောင်ရိပ်
ငြိမ်သက်တိတ်ဆိတ်
ချစ်မက်ကြရာ
တို့ဌာနေမှာ
ရွာကိုစွန့်ခွာ
ခိုလှုံရာ ရှာကြ
သိရကြားရ နားအဝမှာ
ခါးရှုလိုက်တာ
ခေတ်ပျက်တယ်ဆိုတာ
အားနည်းသူတွေအတွက် ငရဲပဲတဲ့
ပလက်ဝရေ…
အိပ်မက်ဆိုးက နိုးထပါ။ ။

<u>ဆလိုင်းနွေ (မင်းတပ်)</u>
အောက်တိုဘာလ ၂၀၂၀
ပလက်ဝဒေသ
စစ်ဘေးရှောင်ပြည်သူများအတွက်
ချင်းကဗျာများစုစည်းမှု
မှ ကောက်နှုတ်သည်။

### ချင်းတို့ချစ်တဲ့

# ပလက်ဝမြေ

ဆလိုင်း ကျော်အောင် (ချင်းမြေ)

အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်မှုကို မလိုလား၍ ဒေသခံ ခူမီး(ချင်း) ခေါင်းဆောင် တောင်မင်းများသည် တင်းမကျေးရွာ (ယခု ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်တွင်ပါဝင်) မှစ၍ ခုခံစစ်ကို စတင်တိုက်ခိုက်ခဲ့သည်။



ပလက်ဝမြို့နယ်မှာ ချင်းမျိုးနွယ်စုဝင်များဖြစ်သည့် ခူမီး၊ ခေါင်စို၊ အာသူး၊ ဒိုင်လ်၊ မတူ၊ မရာ၊ လေးတူ၊ မြို၊ မီဇို၊ ပနန်း၊ ဘောင် အပြင် တိုင်းရင်းသား ညီအစ်ကိုများဖြစ်ကြသော ရခိုင်၊ ဗမာ၊ ဒိုင်းနက်၊ ဘင်္ဂါလီ လူမျိုးများ နေထိုင်လျက်ရှိသည်။

ခူမီး(ချင်း)လူမျိုးများသည် ရှေးပဝေသဏီကပင် မျိုးနွယ်တူစု(သို့)မိသားစုအလိုက်စုစည်း၍ အုပ်ချုပ်ရေးစနစ်ကို ထူထောင်ခဲ့ကြသည်။ ထိုအုပ်ချုပ်ရေးစနစ်ကို ခူကုန်(Khukeung) အုပ်ချုပ်ရေးဟုခေါ်ဆိုပြီး ၁၈၈၇ ခုနှစ်ထိ တည်မြဲခဲ့သည်။ ၁၈၂၆ ခုနှစ်၊ ပထမ အင်္ဂလိပ်–မြန်မာစစ်ပွဲအပြီး တနင်္သာရီနှင့်ရခိုင်ကမ်းမြောင်ဒေသ သည် နယ်ချဲ့ အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့သည်။ အင်္ဂလိပ်တို့သည် စစ်တွေခရိုင်အမည်ဟူ၍ ရခိုင်ပြည်ကို အုပ်ချုပ်ခဲ့လေသည်။ ၁၈၆၅ခုနှစ်တွင် Northern Arakan District (သို့မဟုတ်) Arakan Hill Tract ဖြင့် အင်္ဂလိပ်တို့သည် စစ်တွေမှ (၆၈)မိုင်အကွာရှိ မျောက်တောင် ကျေးရွာတွင် ရုံးစိုက်၍ အုပ်ချုပ်ရေးမှူး (Superintend)၏ အုပ်ချုပ်ရေးနယ်မြေ အဖြစ်သတ်မှတ်ကာ ထိုမှတစ်ဆင့် ပလက်ဝ ဒေသကို အုပ်ချုပ်ရေးတစ်ဖြည်းဖြည်း အကောင်အထည်ဖော်ခဲ့လေသည်။ ရခိုင်တောင်တန်း တရားမ ဥပဒေ – ၁၈၇၄ (Arakan Hills Civil Justice Regulation 1874) နှင့် ရခိုင်တောင်တန်း နည်းဥပဒေ – ၁၉၁၆ (Arakan Hills Regulation 1916) ကို ပြဋ္ဌာန်းပြီး ပလက်ဝ ဒေသကို အင်္ဂလိပ်အစိုးရက နယ်ချဲ့ခဲ့သည်။ အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်မှုကို မလိုလား၍ ဒေသခံ ခူမီး(ချင်း)ခေါင်းဆောင် တောင်မင်းများသည် တင်းမကျေးရွာ (ယခု ရခိုင်ပြည် နယ်၊ ကျောက်တော်မြို့နယ် တွင်ပါဝင်) မှ စ၍ ခုခံစစ်ကို စတင်တိုက်ခိုက်ခဲ့သည်။ (မျိုးချစ်ခေါင်းဆောင် တောင်မင်း များ၏ အမည်နှင့်တိုက်ပွဲ အခြေ အနေ၊နေရာများသည် သမိုင်းမှာ အခိုင်အမာ ရှိသည်။) လက်နက်နှင့် အင်အားမမျှ၍ နောက်ဆုတ် ပေးရခြင်း အင်အားကို



ဦးထပ်လှိုင်း ဦးဆောင်၍ အဖွဲ့ဝင် (၉) ဦးတို့သည်
ငင်းကော်မတီ ရိစ်ဝီလျှံ နှင့်တွေ့ဆုံဆွေးနွေးရာ
ပလက်ဝနယ်သည် ရခိုင်တိုင်းမှ ခွဲထုတ်၍
ချင်းတောင်နယ်သို့ ပူးပေါင်းလိုကြောင်း
ပလက်ဝဒေသခံတိုင်းရင်းသားတို့၏
သဘောဆန္ဒကို တင်ပြဆွေးနွေးခဲ့သည်။

ဓါတ်ဆီ ကုန်ကူးပြီး
အသက်မွေးဝမ်းကျောင်း နေသည့်
ပလက်ဝ နယ်ခံများ

photo : Kaw Bawi



ပြန်လည်စုစည်းခြင်း တစ်နေရာပြီးတစ်နေရာ ခုခံစစ်ပြင်ဆင်တိုက်ခိုက်ခြင်းများ အကြိမ်ကြိမ်တိုက်ပွဲများ ဆင်နွှဲကာ အထူးသဖြင့် ကုလားတန်မြစ်အတိုင်း တစ်ဖြည်းဖြည်း အထက်သို့ ဆုတ်ပေးနေရသည့်အဖြစ်ဆိုးနှင့်ကြုံတွေ့ကာ နောက်ဆုံး အင်္ဂလိပ်အစိုးရတို့သည် မြောက်ဖက်နယ်နိမိတ် ရွက်ကျင်တောင် (Tlang Ho Mawi ) အထိ သတ်မှတ်ကာ အလံစိုက်ထူခဲ့ကြပြီး ရွက်ကျင် တောင်နှင့် အနီးဆုံးကုလက်ဝတွင် ခြေကုပ်စခန်းချထား လျက်ရှိသည်။ တောင်မင်းဘဟေလက်ထက် တွင် အင်္ဂလိပ်တို့သည် ရွက်ကျင်တောင် အထက်သို့ ဆက်လက်ထိုးဖောက်လာသဖြင့် ရွက်ကျင်တောင်တွင် ဆီးတား နိုင်ရန် နည်းမျိုးစုံသုံး၍ ခုခံခဲ့သဖြင့် တိုက်ပွဲမှာ (၆) လတိတိ ကြာမြင့်ခဲ့သည်။ နောက်ဆုံး အင်္ဂလိပ်တို့သည် ၁၉၀၇ ခုနှစ်တွင် တောင်မင်း ဘဟေနှင့်အပေါင်းအပါများအား ငြိမ်းချမ်း ရေးဆွေးနွေးရန်ဟုပရိယာယ်သုံးကာ ဖမ်းဆီးလိုက်သည် ထိုအချိန်မှစ၍ မြန်မာနိုင်ငံလွတ်လပ်ရေးရသည်အထိ ပလက်ဝဒေသသည် အင်္ဂလိပ်၏ အုပ်ချုပ်မှု အောက်တွင် မြို့နယ်လုံးနီးပါး ကျရောက် ခဲ့လေခြင်းဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၄၉ခုနှစ် မှ ၁၉၅၃ခုနှစ်ထိ ပလက်ဝမြို့ကို ပြည်သူ့ ရဲဘော် ပါတီက သိမ်းပိုက်အုပ်ချုပ်ခဲ့သည်။ ၎င်းအုပ်ချုပ် မှုကို ပြည်သူလူထုက မလိုလား သောကြောင့် ခူမီးမျိုးချစ်ခေါင်းဆောင် ဦးနန်းခင်းနှင့် တော်လှန်ရေးအဖွဲ့ဝင်(၃၀၀) ကျော်ဖြင့် စတင်တော်လှန်တိုက်ခိုက်ခဲ့သည် သို့သော် အောင်မြင်မှု မရှိနိုင်ခဲ့သောကြောင့် ခူမီးမျိုးချစ်ခေါင်းဆောင် ဦးထပ်လှိုင်း ဦးဆောင်သောအဖွဲ့သည် မြို့နယ်အတွင်းရှိ တိုက်ရည်ခိုက်ရည် ကောင်းသော ချင်းမျိုးနွယ်စုဝင်များကို စုစည်းခဲ့ပြီး ဖဆပလ အုပ်ချုပ်ရေးနှင့် ပူးပေါင်းကာ ၁၉၅၃ -ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် ပြည်သူ့ရဲဘော် ပါတီလက်ထဲမှ ပလက်ဝမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

ပလက်ဝမြို့နယ် ခုခံတော်လှန်ရေးသမိုင်းကို ကြည့်မယ်ဆိုရင် လွတ်လပ်ရေး မရမီအချိန်နှင့်လွတ်လပ် ရေးရပြီးအချိန် ပလက်ဝမြို့နယ်အတွင်း မတရားဗိုလ်ကျ အုပ်ချုပ်ရေးတည်ဆောက်ရေးလုပ်နေသော မည်သည့် အဖွဲ့အစည်းကိုမဆို ဒေသခံ ခူမီး(ချင်း) မျိုးချစ်သူရဲကောင်းများနှင့် ချင်းမျိုးနွယ်စုဝင်မျိုးချစ်သူရဲကောင်းတို့ ဦးဆောင်၍ အကြိမ်ကြိမ် တိုက်ထုတ်ခဲ့သည်မှာ သမိုင်းမှာအထင်အရှား တွေ့ရှိရပါသည်။

၁၉၄၇ခုနှစ်၊ ပင်လုံစာချုပ် ချုပ်ဆိုပြီးနောက် မြန်မာနိုင်ငံကို

**အင်္ဂလိပ်တို့သည် ၁၉၀၇ ခုနှစ်တွင် တောင်မင်း ဘဟေနှင့်အပေါင်းအပါများအား ငြိမ်းချမ်း ရေးဆွေးနွေးရန်ဟု ပရိယာယ်သုံးကာ ဖမ်းဆီးလိုက်သည်။**

လွတ်လပ်ရေးပေးရန် ဖြစ်လာသည် ထို့ကြောင့် အမျိုးသားစုံစမ်းရေးကော်မရှင်သည် ပလက်ဝဒေသခံ တိုင်းရင်းသားများ၏ သဘောထားကို သိရှိနိုင်ရန် ရန်ကုန်သို့ ဖိတ်ခေါ်ခဲ့သည်။ ဦးထပ်လှိုင်း ဦးဆောင်၍ အဖွဲ့ဝင် (၉) ဦး တို့သည် ၎င်းကော်မတီ ရိစ် ဝီလျှံ နှင့်တွေ့ဆုံဆွေးနွေးရာ ပလက်ဝနယ်သည် ရခိုင်တိုင်းမှ ခွဲထုတ်၍ ချင်းတောင်နယ်သို့ ပူးပေါင်းလိုကြောင်း ပလက်ဝဒေသခံတိုင်းရင်းသားတို့၏ သဘောဆန္ဒကို တင်ပြဆွေးနွေးခဲ့သည်။ ပလက်ဝဒေသခံတိုင်းရင်းသား များ၏ သဘောဆန္ဒဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ (၁၉၄၇) အခန်း(၉)၊ အပိုဒ်(၅)၊ ပုဒ်မ(၁၉၆) အရ ချင်းတောင်များခရိုင်နှင့် ရခိုင်တောင်တန်းနယ်များပါဝင်သည့် ချင်းဝိသေသတိုင်း ရှိရမည်ဟု ပါရှိသည်။ ၁၉၄၈ခုနှစ်၊ ဖေဖော်ဝါရီတွင် ကျင်းပပြုလုပ်သော ချင်းအမျိုးသားစုံညီအစည်းဝေး ဖလမ်းတွင် ပလက်ဝမြို့နယ်မှ ဦးထပ်လှိုင်း ဦးဆောင်၍ အဖွဲ့ဝင် (၃၀) ဦး တက်ရောက်ခဲ့သည်။

ပလက်ဝမြို့နယ်သည် နယ်မြေဧရိယာကျယ်ဝန်းခြင်း၊ တောတောင် ထူထပ်ခြင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့်နယ်နိမိတ်ထိစပ်ခြင်းတို့ကြောင်း တော်လှန်ရေးအင်အားစုတို့အတွက် အခြေချလှုပ်ရှားရန် စစ်ရေးအရအချက်အချာ အကောင်းဆုံးနယ်မြေဖြစ်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် တည်ထောင်ခဲ့သော ရခိုင်အမျိုးသားလွတ်မြောက်ရေးပါတီ (ALP) သည် ပလက်ဝမြို့နယ်အတွင်း နှစ်ပေါင်းများစွာ အခြေချလှုပ်ရှားခဲ့ပြီး ထိုစဉ် ဆက်ကြေးကောက်ခံခြင်းနှင့်နယ်စပ်ဂိတ်များဖွင့်လှစ်ခဲ့သည်။ ဗိုလ်ရာဇာဦးဆောင်သော AA အဖွဲ့သည်လည်း ပလက်ဝမြို့နယ်တွင် လှုပ်ရှားခဲ့ဖူးသည်။





ပလက်ဝမြို့နယ်၏ အချက်အချာကျသည့် မြို့နှင့်ကျေးရွာများဖြစ်သည့် ပလက်ဝမြို့၊ ဆမီးမြို့၊ မီးဇာကျေးရွာ၊ သံထောင်ကျေးရွာ နှင့် ပီချောင်း တစ်လျှောက် ကျေးရွာများသည် ULA/AA ၏ အုပ်ချုပ်ရေးဖော်ဆောင်မှုအောက် တွင်ရှိနေသည်။

၁၉၈၈ခုနှစ်မတ်လ(၂၀)ရက်နေ့တွင် တည်ထောင်လျက်ရှိသော ချင်းအမျိုးသားတပ်ဦး/တပ်မတော် (CNF/A) သည် ပလက်ဝမြို့နယ်အတွင်းလှုပ်ရှားပြီး၊ ထိုအချိန်မှစ၍ ပလက်ဝဒေသခံ ခူမီး(ချင်း)တွေလည်း ချင်းအမျိုးသားတပ်ဦး/တပ်မတော်ထံ ပူးပေါင်း၍ စစ်မှုထမ်းခဲ့သည့် (CNF/A) ကို ဒေသအခေါ် (Kaseing) ဟုခေါ်သည်။ ဒေသခံပြည်သူများ သည် နှစ်စဉ်နေရာဒေသအလိုက်ကျေးရွာအလိုက် အိမ်ခွန်ကို ပေးဆောင်နေရသည်။

၂၀၀၉ခုနှစ်တွင် တည်ထောင်သော ULA/AA သည် ပလက်ဝမြို့နယ်အတွင်းလှုပ်ရှား ခဲ့သည်။ မြန်မာ့ တပ်မတော်(ယခုစကစ) နှင့် AA တို့အကြား ၂၀၁၅ ခုနှစ်၊ မတ်လကုန်ပိုင်း ချင်းပြည်၊ ပလက်ဝမြို့နယ်၊ မြိုင်စို ကျေးရွာတွင် စတင်တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုအချိန်မှစ၍ ပလက်ဝမြို့နယ်တွင် AA နှင့် စကစ ကြားတိုက်ပွဲကြီးငယ် ပေါင်း များစွာ အကြိမ်ကြိမ်ဖြစ်ပွား ခဲ့သည်။ ၂၀၂၃ခုနှစ်၊ နှစ်ကုန်ပိုင်းမှစ၍ မြို့နယ်အတွင်းရှိ စကစ စခန်းကြီးငယ်များကို AA မှ ထိုးစစ်ဆင်တိုက်ခိုက်ပြီး ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ (၁၄) ရက်နေ့တွင် ပလက်ဝမြို့နယ် တစ်ခုလုံးရှိ စကစ စခန်းများကို သိမ်းပိုက်နိုင်ခဲ့သည်။

ခေတ်အဆက်ဆက် ပလက်ဝမြို့နယ်သည် တော်လှန်ရေးအဖွဲ့အစည်းများ လှုပ်ရှားသည့် နယ်မြေဒေသဖြစ်သည် နှင့်အားလျော်စွာ လူ့အခွင့်အရေးအကာအကွယ်မဲ့ ဘဝနှင့်အသက် ရှင်သန်နေရသည်။ ထိုအခြေအနေ အရပ်ရပ်တို့ကြောင့် လူထုအပေါ် လက်နက်ကိုင်အင်အားစုများ၏ လူ့အခွင့်အရေးချိုးဖောက်မှုသည် ပြည်သူလူထုများ ယနေ့အချိန်ထိ ခါးသီးစွာ အလူးအလဲ ခံစားနေရဆဲဖြစ်သည်။

၂၀၂၁ခုနှစ်၊ စစ်အာဏာသိမ်းပြီး ဒီမိုကရေစီအရေး တိုက်ပွဲဝင်နေသော မြို့နယ်၊ ဒေသ အခြေပြု ဒေသကာကွယ်ရေးတပ်ဖွဲ့များသည်လည်း လူထုထဲမှ ပေါက်ဖွားလာခဲ့သည်။ Chinland Defense Force (Paletwa), Chinland Defense Force (Daai), စစ်အာဏာမသိမ်းမီ အလိုမှာ ထူထောင်သည့် Maraland Defense Force (MDF) တို့လည်း ပလက်ဝမြို့နယ်အတွင်း လှုပ်ရှားလျက်ရှိသော လက်နက်ကိုင် အဖွဲ့



အစည်းများဖြစ်သည်။

၂၀၂၁ စစ်အာဏာသိမ်းမှုအပြီး ပလက်ဝမြို့နယ်၏ အုပ်ချုပ်ရေးကိုကြည့်ရမယ်ဆိုရင် ULA/AA အုပ်ချုပ်ရေး၊ ပလက်ဝ ကောင်စီ (Paletwa Council– PC) အုပ်ချုပ်ရေး၊ Daai Regional Council (DRC) အုပ်ချုပ်ရေး၊ MTC/MDF အုပ်ချုပ်ရေး တို့ကို မြင်တွေ့ရမှာဖြစ်သည်။ ကျေးရွာဧရိယာအများဆုံးသည် ULA/AA ၏ အုပ်ချုပ်ရေး အောက်တွင်ရှိသည်။ ၂၀၂၀ ခုနှစ်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ စာရင်းအရ ချင်းလူ မျိုး( ၈၈,၅၇၇)၊ ရခိုင်လူမျိုး (၁၈,၂၃၄)၊အခြားတိုင်းရင်းသားလူမျိုးများ ၁၅၀ ဝန်းကျင်ရှိသည်။ ပလက်ဝမြို့နယ်၏ အချက်အချာကျသည့် မြို့နှင့်ကျေးရွာများဖြစ်သည့် ပလက်ဝမြို့၊ ဆမီးမြို့၊ မီးဇာကျေးရွာ၊ သံထောင်ကျေးရွာ နှင့် ပီချောင်း တစ်လျှောက် ကျေးရွာများသည် ULA/AA ၏ အုပ်ချုပ်ရေးဖော်ဆောင်မှုအောက် တွင်ရှိနေသည်။ ပလက်ဝလူထုများသည် နှစ်ဖက်စစ်ပွဲကြောင့် နေရပ်စွန့်ခွါသူများရှိခဲ့သလို၊ ULA/AA ၏ အုပ်ချုပ်ရေးကို လက်မခံသော နေရပ်စွန့်ခွါပြည်သူများလည်း ရှိခဲ့သည်။ ၂၀၂၄ နှင့်၂၀၂၅ နှစ်များတွင် နီးစပ်ရာ ပလက်ဝ ကောင်စီအုပ်ချုပ်ရေးနယ်မြေ၊ မီဇိုရမ်ပြည်နယ်၊ ချင်းပြည်နယ် ဟားခါးမြို့ နှင့် ရန်ကုန်မြို့များတွင် ထွက်ပြေး တိမ်းရှောင်လာ ကြသည် ။ တစ်ချို့လူငယ်လူလတ်ပိုင်း အများစုသည် နိုင်ငံရပ်ခြားတွင် အလုပ်အကိုင်ရှာဖွေရန် ထွက်ခွါကြသူများ လည်းရှိကြသည်။

ပလက်ဝမြို့နယ်သည် အုပ်စုပေါင်း (၉၈)၊ ကျေးရွာပေါင်း (၃၈၁) ကျော်ရှိပြီး၊ လူဦးရေအားဖြင့် ၂၀၂၀ ခုနှစ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနစာရင်းအရ (၁၀၇,၁၁၉) ရှိသည်။ လက်ရှိ ပလက်ဝမြို့နယ်တွင် နေထိုင်သည့် လူဦးရေမှာ တစ်ဝက်နီးပါး မြို့နယ်ပြင်ပသို့ ရောက်ရှိနေပြီဟု ခန့်မှန်းရပါသည်။

ဒီမိုကရေစီ အရေးတိုက်ပွဲဝင်နေကြသော မည်သည့် လက်နက်ကိုင် အဖွဲ့အစည်းမဆို ပလက်ဝမြို့နယ်၏ အုပ်ချုပ်ရေးနှင့် လူထု၏ ကံကြမ္မာကို ပလက်ဝလူထုနှင့်ချင်းလူထုများက ရွေးချယ် ဆုံးဖြတ်သင့်ပါသည်။ လွတ်လပ်မှုနှင့်အတူ ခေတ်မီတိုးတက်သော ကမ္ဘာကြီးကို ပုံဖော်ထုဆစ်နေကြသော ခေတ်ကြီးမှာ လက်နက်အားကိုး မိမိလိုရာ ပုံဖော်ပြီး "လုပ်နိုင်တယ်၊ လုပ်မယ်" ဆိုလျှင် ဒီမိုကရေစီ နှင့်ဆန့်ကျင်ဘက်ဖြစ်ပြီး လူမျိုးတစ်မျိုးနှင့် တစ်မျိုးအကြား စည်းလုံး ညီညွတ်မှု၊ ယုံကြည်မှုများ ပျက်ပြားသွားစေနိုင်ပြီး ပဋိပက္ခကို လက်ကမ်းကြိုဆိုသည့် အဖွဲ့အစည်း၊ ခေါင်းဆောင်များအဖြစ် သမိုင်းမှာ ကျန်ရစ်သွားစေမည်ဖြစ်သည်။ ⓖ

ဆလိုင်းကျော်အောင်(ချင်းမြေ)
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၈ ရက်

# ခေါက်ပြိုင်တစ်ယောက်နဲ့ တောင်ယာအတူခုတ်ခြင်း

အဲဒီကား ငါ မပါရင်
မှောက်ကိုမှောက်တယ်တဲ့
လက်ဖျံကြောတွေ ထောင်းထနေအောင်ထောင်ထားရင်းပြောတယ်
ဘယ်လိုအကွေ့ကြီးမှာ ချောက်ထဲကျလုနီးနီး ကားကြီးကို
ဘယ်လိုဘယ်ပုံ ပြန်ဆွဲကွေ့လိုက်တာ
စသည်ဖြင့် ...

ကျွန်တော်က ဆင်းရဲပါတယ်
အိမ်အောက်မှာ ကြက်တွေဝက်တွေက တကောက်ကောက်နဲ့
တောထဲမှာ နွားနောက်တွေက တမည်းမည်းနဲ့တဲ့
နားမှာ ကြေးနားကွင်းကြီး တဝင်းဝင်းနဲ့။

ဟော ... ဟိုမှာဘက်က
လျှိုထဲမှာ တောဝက်နဲ့ ဘယ်လိုနပန်းသတ်ခဲ့တာ
ဟိုချောင်းဖျားမှာ ဝံကိုဘယ်လို တိုက်ခိုက်ခဲ့တာ
ဝမ်းဗိုက်က အမာရွတ်တွေကို လှန်ပြတယ်
ကိုယ့်အူကိုယ်ထမ်း တောတောင်ဖြတ်သန်း
ဘယ်လိုပြန်ခဲ့တာ
အိမ်ရှေ့မှာချိတ်ထားတဲ့ သားကောင်ခေါင်းခွံတွေ သိတယ်တဲ့။

ငါ့ဒူးတစ်ဖက်က
နိပွန်တွေကို တိုက်ထုတ်တုန်းက တိုင်းပြည်ကိုလှူခဲ့တာ
ပါးပြင်ကအမာရွတ်ကို ပြည်တွင်းစစ်မှာရခဲ့တာ
ဆွေစဉ်မျိုးဆက်ဒဏ်ရာကိုတော့ တိုင်းပြည်ကချီးမြှင့်ခဲ့တာ
အခုတောင်ယာကိုတော့ ယုံကြည်ချက်နဲ့ခုတ်ရမယ်တဲ့။

ဟာရှိန်း
၂၀၂၀





❝ ဝမ်းဗိုက်က အမာရွတ်တွေကို လှန်ပြတယ်
ကိုယ့်အူကိုယ်ထမ်း တောတောင်ဖြတ်သန်း
ဘယ်လိုပြန်ခဲ့တာ အိမ်ရှေ့မှာချိတ်ထားတဲ့
သားကောင်ခေါင်းခွံတွေ သိတယ်တဲ့ ❞

ပလက်ဝဒေသ
စစ်ဘေးရှောင်ပြည်သူများအတွက်
ချင်းကဗျာများစုစည်းသည့်
❝ခေါင်ရည်ကဗျာများ❞ စာအုပ်မှ
ကောက်နုတ်သည်။

## ပလက်ဝသား

# ဗိုလ်ကြီး အောင်စိုးလင်း

ကျွန်တော့်မွေးရပ်ဇာတိက ပလက်ဝမြို့နယ်၊ အောက်တေးမဝ ကျေးရွာ/ အုပ်စု မှာမွေးတာဖြစ်တယ်။ ချင်းအမျိုးသားတပ်မတော်ထဲကို ဇူလိုင်လ ၁၃ ရက် ၂၀၁၉ ခုနှစ် မှာ စတင်ဝင်ရောက်ခဲ့ပါတယ်။ ဒီတော်လှန်ရေးထဲမဝင်ခင် အချိန်ကတော့ ကျောင်းတက်ရင်း Sunday School ဆရာ လုပ်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ဝါသနာကတော့ Music ဝါသနာပါတယ်။ အဆိုတော်ဖြစ်ချင်ခဲ့တာပေါ့။

ကျွန်တော်ဒီတပ်ထဲကိုစဝင်တဲ့အချိန်တုန်းက AA တွေက ကုလားတန်မြစ်နဲ့ ပြည်ချောင်းကြားမှာ ရှိတဲ့ တောင်ကြောမှာတောခိုနေတဲ့အချိန်ပြီးတော့ စစ်ကောင်စီတွေနဲ့လည်း အမြဲတိုက်ပွဲဖြစ်ကြတယ်။ တခါတလေ ကျွန်တော်တို့ရွာဖက်ထိရောက်လာ ကြတယ်။ AA တွေဖက်ကလည်း ရွာထဲက သူတို့ မသင်္ကာတဲ့သူရှိရင်ဖမ်းဆီးကြတယ်။ အဲဒီ အချိန်တုန်းက သူတို့က အခြားရပ်ရွာအုပ်ချုပ် ရေး ပိုင်းမှာ ဝင်ရောက်စွပ်ဖက်တာတွေမရှိသေးဘူး။ အဲဒီလိုဖြစ်နေတဲ့အချိန်မှာ CNF/A ကနေစည်းရုံး ရေး ဆင်းတဲ့ ချိန်ဖြစ်တော့ ကျွန်တော်နဲ့ အခြားကျွန်တော် တို့ ရွာက ညီလေးတွေနဲ့ ဝင်ရောက်တာဝန်ထမ်း ဆောင်ဖို့ကို ကျွန်တော်တို့ ရွာဖက်ကနေ စစ်ကောင်စီ တွေရှိတဲ့ နေရာတွေကို ရှောင်ပြီးတော့ တပ်မဟာ(၂) ကချင်ပြည်ဖက်ကို တစ်ခါတည်းသွားပြီး အဲဒီမှာ အခြေခံစစ်သင်တန်း တက်ရောက်တယ်။

တပ်မဟာ (၂) မှာပဲ သင်တန်းဆရာအဖြစ် (၈) လလောက် တာဝန်ထမ်းဆောင်ခဲ့တယ်။ အခြေခံစစ်ပညာနှင့် လက်နက်ငယ်သင်တန်းတွေ ပို့ချသင်ကြား ပေးခဲ့ပါတယ်။ သင်တန်းပေးတဲ့ အချိန်မှာပဲ သင်တန်းသားတွေနဲ့ အတူရှေ့တန်း (၂) ပတ်လောက်သွားပြီး ပြန်ရောက်တာနဲ့ KIA ရဲ့ ဗိုလ်လောင်းကျောင်းတက်ဖို့ ဖြစ်လာတယ်။ ဗိုလ်လောင်းကျောင်းတက်တဲ့အချိန်မှာလည်း အရမ်းပီတိဖြစ်ရတယ်။

ဩဂုတ်လ ၈ ရက်၊ ၂၀၂၀ မှာဗိုလ်လောင်းကျောင်းစတက်တယ်။ ၂၀၂၂ ဒီဇင်ဘာလ (၇) ရက်မှာကျောင်းဆင်းတယ်။ ဒီကျောင်းဟာဆိုရင် တော်တော်များများက တက်နိုင်တဲ့ အရာ မဟုတ်ဘူး။ ခက်ခဲတယ်၊ ပင်ပန်းတယ်။ တခါတလေသေနိုင်လောက်တာပဲဆိုတဲ့ အထိကို ကြမ်းတမ်းခဲ့တယ်။ အစမှာတော့ ဘာသာစကား အခက်အခဲလည်း ရှိတာပေါ့။ ကချင်စကားပဲ သုံးကြရတယ်ဆိုတော့။ နောက်ပိုင်းမှာတော့ စာတွေလည်းသင်ပေး၊ ကြားဖန်လည်းများလာတော့ ဘာသာစကားမှာ အဆင်ပြေသွားတယ်။

ဖြစ်နိုင်ရင်တော့ တပ်မဟာ(၂) ဖက်မှာ တာဝန်ထမ်းဆောင်ချင်တယ်။ ကချင်ဖက်က ညီအစ်ကိုတွေရဲ့ စိတ်ထားကိုလည်း လေးစားတယ်။ ကျွန်တော်တို့ ချင်းလူမျိုးတွေကို အရမ်းချစ်ခင်ပေးကြတယ်။ပညာတွေလည်း အများကြီး သင်ကြားပေးခဲ့တယ်။ ဗိုလ်လောင်း ကျောင်း တက်တဲ့အချိန်မှာတော့ အိမ်ကညီမလေးကို လွမ်းလို့ ငိုခဲ့ဖူးတယ်။ ကျန်တာကတော့ ပျော်ပျော်ရွှင်ရွှင်ပဲ ဖြတ်သန်းခဲ့တယ်။ ဆုပေးဒဏ်ပေးတဲ့အချိန်တွေလည်း အခုချိန်မှာတော့ မေ့မရတဲ့ အမှတ်တရပေါ့ဗျာ။ ဗိုလ်လောင်းကျောင်းတက်နေတဲ့ချိန်မှာ ကျောင်းမဆင်းခင် ရှေ့တန်းကို စုစုပေါင်း (၁၀) ကြိမ်ထွက်ရတယ်။

KIA က အုပ်ချုပ်မှုပိုင်းဆိုင်ရာ ကောင်းတယ်။ စစ်သားတစ်ယောက်ပီသဖို့ လက်နက်အခြေခံ၊ နိုင်ငံရေး စတာတွေနဲ့ လက်တွေ့ကျင့်သုံးမှုတွေ ကြောင့် အရမ်းစည်းစနစ်ကျတယ်။ တပ်သားတွေ လည်း စနစ်ကျတယ်။ ဆင့်ကဲအုပ်ချုပ်မှု ကောင်းတယ် ၊ တယောက်နဲ့ တယောက် လေးစား မှုရှိကြတယ်။ အမိန့်နာခံမှုကောင်းတယ်။ ရုံးပိုင်း ဆိုင်ရာလည်း အကုန်ပြည့်စုံတယ်လို့ ပြောလို့ရတယ်။

ဒီဗိုလ်လောင်းကျောင်းဆင်းပြီးတာနဲ့တော့ တပ်မဟာ(၂) မှာ ပဲနေခဲ့တယ်။ ဥာနချုပ်ကိုက ၂၀၂၃ ခုနှစ်၊ မတ်လ (၁) ရက်မှာ ပြန်ရောက်ပြီးတော့ (၃) ရက်နားပြီး ထန်တလန်ကို စစ်ကူတန်းသွားခဲ့ရတယ်။ ချင်းပြည်မှာ တိုက်ပွဲအတွေ့အကြုံ မရှိဖူးတော့ နည်းနည်း ကြောက်စိတ်ရှိခဲ့တယ်။ အဲဒီနောက်ပိုင်းတော့ ထန်တလန်မှာပဲ တာဝန်ကျတော့ အသားကျပြီး ရန်သူနဲ့ အနီးဆုံးဖြစ်တဲ့ CB B မှာ ခံစစ်အနေနဲ့ နေခဲ့တယ်။ အစမှာ ရဲဘော်(၁၅) ယောက်၊ နောက်မှာ (၆)ယောက်။ နောက်ပိုင်းမှာတော့ တပ်မဟာမှူးမရှိတော့ ထန်တလန် စစ်ဆင်ရေးမှာ တာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်ခဲ့တယ်။

ထန်တလန်စစ်ဆင်ရေးကိုပြောရရင် လိုအပ်ချက်ကတော့ – လက်နက်ခဲယမ်း အားသာချက် – တော်လှန်သမားအားလုံးက စိတ်အားထက်သန်တယ်။ ရဲဘော်တွေလည်း ကျွန်တော့်ကို အကောင်းဆုံး ဦးဆောင်နိုင်မယ်လို့ ယုံကြည်ကြတယ်။ အောင်မြင်မှုတွေလည်း ရရှိခဲ့ပါတယ်။ စစ်ဆင်ရေးမှာ ဦးဆောင်တဲ့သူ အနေနဲ့ ရဲရင့်စွာလုပ်ဆောင်ပြမှု ပြတ်သားမှုလိုအပ်တယ်။ဒါမှကျွန်တော်တို့ လက်အောက်က ရဲဘော်တွေ လည်း စိတ်အားထက်သန်မှု ရှိလာကြမယ်။ စစ်ကောင်စီကတော့ လက်နက် ပိုင်းမှာ အများကြီးအားသာတယ်။ တိုက်ပွဲတွေ ဖော်ဆောင်တဲ့အခါ ကျွန်တော်မြင်တွေလာရတာ ကတော့ ကချင်ပြည်မှာတော့ သင်တန်းကနေ စွမ်းရည်ပြည့်ဝဖို့သင်ကြား ပေးတယ်။ ကျွန်တော်တို့ဖက်ကတော့ အဲ့ပိုင်းမှာအားနည်း တာကိုတွေ့လာရတယ်။ မြို့သိမ်းစစ်ဆင်ရေး ဖြစ်တဲ့ အတွက် အစတည်းက ပြင်ဆင်မှုနေရာ ချထားမှုတွေလည်း ပိုလိုအပ်တယ်။ ကျဆုံးမှု တွေလည်းရှိ တော့ ဝမ်းနည်းရတယ်။ သူတို့ရဲ့

> ❝ချင်းပြည်အတွင်း တိုက်ပွဲတိုင်းမှာဆိုရင် ပြည်သူတွေရဲ့ ကူညီမှု ထောက်ပံ့ပေးမှုတွေ အရမ်းအားကောင်းတယ်။ ထောက်ပို့တဲ့နေရာ အရမ်းကူညီဖြစ်တယ် ❞





မိသားစုကိစ္စတွေဘာတွေနဲ့ဆိုတော့ တပ်မှူးတွေက အဲလိုအရာတွေကို နားလည် အောင်ရှင်းပြပေးဖို့လိုတယ်။ မဟုတ်ရင် အမိန့်အမိန့်နဲ့ပဲသွားမယ်ဆိုရင် သူတို့ နားလည်အောင်မပြောပြတတ်ရင် သူတို့တွေက စိတ်ဓာတ်ကျတတ်ကြတယ်။

ချင်းပြည်အတွင်းတိုက်ပွဲတိုင်းမှာဆိုရင်

> ❝ ဗိုလ်လောင်း ကျောင်းတက်တဲ့အချိန်မှာတော့ အိမ်ကညီမလေးကို လွမ်းလို့ ငိုခဲ့ဖူးတယ်။ ကျန်တာကတော့ ပျော်ပျော်ရွှင်ရွှင်ပဲ ဖြတ်သန်းခဲ့တယ်။ ❞

ပြည်သူတွေရဲ့ ကူညီမှု ထောက်ပံ့ပေးမှုတွေ အရမ်းအားကောင်းတယ်။ ထောက်ပို့တဲ့နေရာ အရမ်းကူညီဖြစ်တယ်၊ နောက်နောင်ပဲဖြစ်ဖြစ် အမြဲတမ်း ကူညီပေးပါ။ ကျွန်တော်တို့လည်း တော်လှန်ရေးမှာ အတတ်နိုင်ဆုံးကြိုးစားသွားမယ်။ မတတ်နိုင်တဲ့ အရာတွေအပေါ်မှာလည်း အကောင်းဆုံးဖြစ်နိုင်အောင်လုပ်ပေးသွားမယ်။ ကျွန်တော်တို့ချင်းလူမျိုးတွေဟာ မျိုးနွယ်စုအရမ်းများတာဖြစ်တဲ့အတွက် အဲဒီအရာအပေါ်အခြေခံကွဲပြားမနေပဲ စည်းစည်းလုံးလုံးနဲ့ အတူတကွလက်တွဲ တိုက်ပွဲဝင်သွားကြဖို့လည်း တိုက်တွန်းချင်ပါတယ်။ ကျွန်တော်အနေနဲ့တော့ ချင်းပြည်ချင်းလဲန်အတွက် ကျွန်တော်တို့တာဝန်ပြီးဆုံးထိ တိုင်အောင်တော့ ချင်းလူမျိုးတွေအတွက် အကောင်းဆုံး တာဝန်ထမ်းဆောင်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ၆

Thantlang မြို့တစ်နေရာမှာ
တိုက်ပွဲ ဝင်နေစဉ်

photo : Alexander

# ယောက်မတစ်ချောင်းဟာလည်း
# တော်လှန်ရေးပဲလေ ကိုကို

လူတစ်ယောက်ဟာ
လက်တစ်ဖက်နဲ့အစာစားနေချိန်မှာ
ကျန်တဲ့လက်တစ်ဖက်က
ဘာလုပ်နေသလဲဆိုတာ သိဖို့လိုတယ် ကိုကို
အိမ်ခေါင်မိုးတွေဆိုတာ
အဝေးကကြည့်ရင်လှပေမယ့်
အိပ်မပျော်သူတွေအတွက်တော့ ထောင်ချောက်ပဲ
ဘဝဆိုတာကိုက သစ်ရွက်ခြောက်တွေလို
တနေ့နေ့မှာ ကြွေလွင့်သွားဖို့ပါပဲလေ
ရေခဲမုန့်တစ်ခွက် အရည်ပျော်ကျသွားဖို့ဆိုတာက
အကြောင်းပြချက်ရှိနေဖို့လိုသလို
ပင့်ကူအိမ်လို တည်ရှိမှုအားလုံးဟာ
တချိန်ချိန်မှာ ဘာမဆိုဖြစ်သွားနိုင်တယ်မလား
လူဆိုတာ စိတ်အခြေအနေကို
ရေခဲသေတ္တာထဲမှာလိုထည့်သိမ်းထားလို့မရဘူး
အချိန်ဟာ သက်ရောက်တဲ့အားဆိုရင်
ချစ်ခြင်းဟာ ရွေ့လျားတဲ့စွမ်းအင်ပဲ
ရှင်က ကဗျာပဲရေးပါ
ဘဝကိုက ကျွမဖန်ဆင်းမယ်
သေနတ်မှ မဟုတ်ပါဘူး

ကျောက်တုံးတစ်တုံးဟာ
ကိုယ်ပြန်လာမယ့်လမ်းကိုမှတ်မိနေစရာမလိုဘူး
ငှက်တစ်ကောင်ရဲ့ ပျံသန်းခြင်းကို
ဘယ်သတိရခြင်းမျိုးနဲ့မှသိမ်းထားလို့မရဘူး
ဒီလူ့အဖွဲ့အစည်းမှာ
ယုံကြည်လို့ရတာ သိပ်မရှိပါဘူး
အိပ်ရေးဝအောင်အိပ်မယ်
စွမ်းအင်ကိုချွေတာသုံးမယ်
ကိုကို့ချေးနံ့သင်းတဲ့ ရင်ဘတ်မှာ ငိုမယ်
ရန်သူတစ်ယောက်ကျသွားပါစေအုံး
စီးကရက် တရှိုက်ထဖွာလိုက်တာမျိုး မလုပ်ပါနဲ့
သေနတ်မှ မဟုတ်ပါဘူး
ယောက်မဟာလည်းတော်လှန်ရေးပဲ ကိုကိုရဲ့

ကိုကိုပြောတော့
မြို့ကမီးလောင်နေတာဆို
ဆံသဆရာက ခေါင်းဖြတ်လိုက်တာဆို
မိန်းမတစ်ယောက်က ကိုယ်ဝန်ပျက်ကျသွားတာဆို
လေယာဉ်တစ်စီးက ဘာမြို့ဒါထဲ သေသွားတာဆို
လူတွေအများကြီးထဲမှာ
လူတစ်ယောက်ပျောက်နေတာဆို
ကိုကိုရယ် ကြည့်လည်းပြောပါအုံး
ကိုကို့ ကဗျာထဲမှာရော
ကိုကို့ ဆေးလိပ်ပြာခွက်ထဲမှာပါ
အိမ်မက်ကဇာတ်ရုံလို လူ့အဖွဲ့အစည်းမရှိပါဘူး
သေနတ်မှလည်း မဟုတ်ပါဘူး
ယောက်မဟာလည်း တော်လှန်ရေးပဲလေ ကိုကို

လူတွေအချင်းချင်း ချစ်တယ်လို့ပြောမယ်
လိုင်းဆက်ဆံရေးမှာ ချစ်ခြင်းမေတ္တာထည့်မယ်
ကိုကိုကြည့်လေ
ရဲတိုက်ကြီးတစ်ခုထဲက ခိုတွေရဲ့ညည်းသံတွေ
စွန့်ပစ်ထားတဲ့ ကွန်ဒုံးအဟောင်းတွေ
ခြောက်ကပ်နေတဲ့ အသက်ရှင်ဆဲ အလောင်းတွေ
ဘုရားမကြိုက်တဲ့ "တရားဝင်လိင်အလုပ်သမား" တွေ
ဒီနိုင်ငံထဲက ရယ်စရာကောင်းတဲ့ အောင်မြင်ရေးကျမ်းတွေ
ပြဒါးနဲ့သံဟာ တစ်ယောက်တစ်လမ်းပဲ ကိုကို
အောက်ခံဆေးမပါပဲရေးထားတဲ့ပန်းချီကားထဲမှာ
သူ့ရဲဘောကြောင်တဲ့လက်ညှိုးတွေရှိတယ်
တစ်ဘဝလုံး ဂုတ်သွေးစုပ်ယူမှုကို
တခါလောက်တောင်လက်ညှိုးမကွေးရဲတဲ့လူတွေပေါ့
ဒီလူ့သမိုင်းတွင်ကျယ်မှုဆိုတာ
အမှန်တော့ ဗလာနယ်သက်သက်ပဲလေ
အတားအဆီးမရှိတဲ့ ရက်စက်မှုမှာ
ပြန်စရာလည်းလမ်းမရှိတာကလည်း
ကိုယ့်ခြေထောက်ကိုယ် သံသယဝင်စရာပေါ့
သေနတ်မှမဟုတ်ပါဘူး
ယောက်မတစ်ချောင်းဟာလည်း တော်လှန်ရေးပဲလေ ကိုကို

ကိုကိုတို့ကဗျာဆရာတွေဆိုတာ
သိပ်ပြီး သိပ်သည်းဆများတာဆို
လူ့ဘဝကို ငရဲမကျအောင်ဘယ်ဘုရားတားနိုင်လို့လဲ
စစ်ပွဲကိုတားနိုင်တဲ့ တရားဟောဆရာ ဘယ်မှာလဲ
အချိန်တန်တော့လည်း လက်မှတ်ထိုးပြီး
အိမ်ပြန်လာကြတာပဲမဟုတ်လား
ငရဲဆိုတာ နိဗ္ဗာန်အတွက်ရော
ကောင်းကင်ဘုံအတွက်ပါ အနေခင့်အယှက်မလား
သွေးပျစ်ပျစ်တွေပေကျံနေတဲ့
လူ့သမိုင်းယုတ်မာမှုထဲမှာမနေရဲတော့ရင်
ကဗျာဆရာလို့မကြွေကြွာတာအကောင်းဆုံးပဲ
အသက်နဲ့အရှက်မှာ တစ်ခုပဲရွေး
ကိုကို
သေနတ်မှမဟုတ်ဘူး
ယောက်မတစ်ချောင်းဟာလည်းတော်လှန်ရေးပဲ

ကိုကိုတို့ ကဗျာဆရာတွေရဲ့
သိမှုဗေဒကျယ်ဝန်းမှုဆိုတာ
နားထောင်စရာကောင်းတဲ့စကားလုံးတွေပဲလား
သမိုင်းတစ်လျှောက်အကောင်းဆုံး
ကဗျာဆရာတွေအကြိမ်ကြိမ်သေခဲ့ပြီးပြီ
ဒီလူ့သမိုင်းရုပ်ဆိုးအကျည်းတန်မှုကို
ဘယ်သူအနိုင်ရခဲ့သလဲ
အကြောင်းပြချက်အတွက်
ရွေးချယ်စရာဘာမှမရှိတော့ရင်
ကိုယ့်အတွက်ကိုယ်ပဲ ရွေးချယ်လိုက်တာပဲလား
သေနတ်မှမဟုတ်ပါဘူး
ယောက်မတစ်ချောင်းဟာလည်း
တော်လှန်ရေးဆန်နေရလိမ့်မယ် ကိုကို

ရှင်က ကဗျာပဲရေးပါ
ဘဝကိုက ကျွမဖန်ဆင်းမယ်

ကိုကိုသိလား
ရောမဟာ ရောမမို့လို့
ပါရီဟာ ပါရီမို့လို့
ရန်ကုန်သာဆို ဘာများဖြစ်နိုင်မလဲ
အနုပညာတွေ မရှိတဲ့အရပ်မှာ
မေတ္တာပို့ရတာလည်း သိပ်ရီရတဲ့ဟာသပဲ
ရုံးဆင်းချိန်တစ်ခုရဲ့ ခြေသလုံးအဝါတွေ
ဘတ်စ်ကားတစ်စီးရဲ့ နာကြည်းမှုတွေ
တစ်ခုခုဖြစ်မသွားခင်
တစ်ခုခုဖြစ်သွားနိုင်တယ်ဆိုတဲ့ မုဆိုးအနံ့တွေ
နှင်းဆီလည်း အနီပဲ
ခေါင်ရမ်းပန်းလည်း အနီပဲ
ဘာရွေးရမလဲတဲ့
သေနတ်မှမဟုတ်ပါဘူး ယောက်မှာလည်း
တော်လှန်သွေးရှိပါတယ် ကိုကိုရဲ့

လူငယ်တစ်ယောက်ရဲ့ တက်တူးဆိုတာ
ဒဏ်ရာ မဟုတ်ရင် ခံစားမှု တစ်ခုခုပေါ့
မူးယစ်ဟာ ဘုရားမကြိုက်တဲ့ ဖြေဆေး
ဘယ်သူ့ကိုမဆို ရင်ထဲမှာရှိနေကြေးပေါ့ ကိုကို
ကိုကို
ဘယ်အရာကိုမှ နဂိုရပိုင်ခွင့်ဆိုတာ မတွေးနဲ့
အိမ်ပြန်ချိန်ကို မမေ့နဲ့
ခံစားမှုကို ရောမရောနဲ့
သေနတ်ကိုင်ထားမှ မဟုတ်ဘူး
ကိုကို့နောက်မှာရှိနေတဲ့
ယောက်မတစ်ချောင်းဟာလည်း
တော်လှန်ရေးပဲလို့ တွေး
နော်.....ကိုကို...နော်။

ဌန်နေဝါ

# KHON SO

# KANGA VI KATHUK

## သွေးကစကားပြောတယ်

ချမ်းသာတဲ့ အစ်ကိုက ဆင်းရဲတဲ့ညီကို အဆင်ပြေနေချိန်မှာ ဘယ်လိုပဲ စွန့်ပစ်ထားပါစေ အစ်ကိုဖြစ်သူ ဒုက္ခရောက်ချိန်မှာ ညီဖြစ်သူက ကူညီစောင့်ရှောက်ပေးတဲ့ Khon So ရိုးရာ ပုံပြင်မှ သင်ခန်းစာယူစရာ စကားပုံလေးဖြစ်ပါတယ်။



Photos contributed by Henry DC Lian




## HENRY DC LIAN

ကျွန်တော့်နာမည်ကတော့ ဟင်နရီ ဒီစီလျန် ဖြစ်ပါတယ်။
လက်ရှိမှာတော့ South Korea မှာ နေထိုင်ပြီး ဝမ်းရေးတစ်ဖက်နဲ့ အိမ်မက်လမ်းပေါ် လျှောက်လှမ်းနေတဲ့ လူငယ်တစ်ယောက် ပေါ့နော်။ ကျနော်က Broken Family ကနေ ဆင်းသက်လာတဲ့ ညီအစ်ကို (3) ယောက်အနက် အကြီးဆုံးသား၊ အပျော့ညံ့ဆုံး ၊ အချို့တဲ့ဆုံး သားကြီးတစ်ယောက်ပါ။ ဒါဆိုတော့ အရာရာကို ချင့်ချိန်ပြီးတော့ လုပ်ရကိုင်နေရတာပေ့ါဗျာ။ ဝမ်းရေးအတွက် နေ့ခင်းမှာ ဆောက်လုပ်ရေး အလုပ်ကို မနက် 7 ကနေ ညနေ 5 အထိ ပေ့ါဗျာ။ အချိန်ပိုရှိရင်တော့ ည 9 နာရီထိပေ့ါ။ ညဘက်ကျတော့ ရရင် ရသလို ရှိတဲ့အချိန်ကို မပျက်မကွက် Training သွားဆင်းတယ် တစ်ရက်ကို Training ချိန်က 2 နာရီကနေ 3 ထိတော့ အချိန်ပေးပြီး လေ့ကျင့်ဖြစ်တယ်။

ပထမအချက်အနေနဲ့ ဘယ်လို ဒီလောကထဲကို ဝင်ရောက်ဖြစ်ခဲ့တာလဲဆိုရင်တော့ သွေးက စကားပြောတယ်လို့ဘဲပြောရမလား။ ကျွန်တော့် အဘိုးကို မမြင်ခဲ့ရဘူး။ အဘိုးက အရင်တုန်း ချင်းပြည်နယ်လက်ရွေးစင် 3 ယောက်ထဲ ပါတယ်လို့ အဘွားနဲ့အမေကပြောဖူးတယ်။ သွေးက စကားပြောတယ်ဆိုပေမဲ့ ငယ်ငယ်ကတော့ အကောင် သေးသေးနဲ့ဆိုတော့ အမြဲ အနိုင်ကျင့်ခံခဲ့ရတယ်။ အရမ်းဆင်းရဲခဲ့တာလဲ ပါတာပေ့ါ။ ပြီးတော့ အဘွားနဲ့ အမေက ရန်ဖြစ်တာ မကြိုက်ဘူးလေ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ကိုယ့်ကို သည်းခံဖို့ဘဲ အမြဲပြောတယ် ဆုံးမတယ်။ ရန်ဖြစ်ရင် ရိုက်တော့ အကြောက်တရားတွေ ပိုလွှမ်းမိုးခဲ့တယ်။ အဲတော့ လူတကာ အနိုင်ကျင့်ခံခဲ့ရတယ်။

ဒုတိယ အချက်အနေနဲ့က ကျွန်တော်တောင်ကိုးရီးယား ရောက်ပြီး (8) လမြောက်မှာ ကျွန်တော့ညီ Steven(အလတ်) ဆုံးသွားခဲ့တယ်။ ပြီးတော့ လေးလအကြာမှာ ကျွန်တော့်အဘွား ထပ်ဆုံးသွားခဲ့တယ် ။ အဲအချိန် မိသားစုအဝေးမှာ ကျွန်တော်တစ်ယောက်ထဲ အလူးအလဲ ခံစားခဲ့ရတယ်။ ရှုးမတတ်ပေ့ါ..... အဲအချိန်က ခံစားခဲ့ရတာတွေကို ပြောပြဖို့



❝ နိုင်ပွဲတွေ ရတဲ့အချိန်မှာဆို ညီလေးသာ ရှိခဲ့ရင် ဆိုပြီး အမြဲတွေးမိတယ်.... တခါတလေဆို ညီလေးကိုယ်တိုင်ဘေးမှာ ရှိနေသေးတယ်လို့တောင် ခံစားမိတယ် ❞

ကျွန်တော်စကားလုံးအစအန ရှာမရသလို ဘာမှ လုပ်ချင်ကိုင်ချင်စိတ်မရှိခဲ့ဘူး တစ်နှစ်ကျော်လောက်ကိုပေါ့၊ ဝိတ်တွေလဲ တတ်လာတယ်။ နောက်တော့ စိတ်ထွက်ပေါက်အနေနဲ့ ကျွန်တော်စပြီး MMA ကိုလေ့ကျင့်ခဲ့တယ်။ အဲလိုနဲ့ဘဲ ဒဏ်ရာတွေကို ကုစားခဲ့တယ် အစကတော့ ဘာဖြစ်ရမယ် ဘယ်အဆင့်ရောက်ရမယ်ဆိုပြီး မရှိခဲ့ဘူး စိတ်ထွက်ပေါက်အနေနဲ့ဘဲ လေ့ကျင့်ခဲ့တာ။ ဘုရားရဲ့ အလိုတော်ဘဲလို့ ကျွန်တော်ခံစားမိတယ်။ ဘာလို့လဲဆိုတော့ အရင်ကဆို စိတ်ထွက်ပေါက်အနေနဲ့ လူငယ်ပီပီ ပျော်ပါးခဲ့တယ်၊ စည်းမရှိ ကမ်းမရှိ သောက်စားခဲ့ဖူးတယ်။ ခုတော့ အဲတာတွေနဲ့ ကျွန်တော့်ကို ဘုရားက ပေးမပျော်တော့ဘူး သူကိုယ်တိုင်ဘဲ ပွဲပြင်ဆုံးမခဲ့တယ်။ အဲလိုနဲ့ဘဲ ဒီအားကစားပေါ်မှာ အရင်ကနဲ့ မတူတဲ့ စိတ်အားထက်သန်မှုတွေ သူများနိုင်ငံမှာ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံအတွက် မှတ်တိုင်တစ်ခုခုတော့ စိုက်ထူချင်စိတ်တွေလဲ ဖြစ်လာခဲ့တယ်။ ပြီးတော့ တစ်ဖက်ကနေ ကျန်တော်အရမ်း အားကျလေးစားရတဲ့ Idol ကြီး ကိုအောင်လ Nဆန်းရဲ့ လေ့ကျင့်မှုတွေ ကြိုးစားမှုတွေ ကြည့်ပြီး ပိုပိုစိတ်ပါလာခဲ့တယ်။ သူ့ရဲ့ ပါဝါကန်ချက်တွေကိုလဲ အားကျလို့ အတုယူလေ့ကျင့်ခဲ့တာ တွေလဲ အကြိမ်ကြိမ်ပါဘဲဗျာ..... အခုဆို ကျွန်တော် ဘုရားရဲ့ လမ်းပြပို့ဆောင်မှုကြောင့် သူ့ရဲ့ ချစ်ခြင်း မေတ္တာသက်သက်ကြောင့် ပထမဦးဆုံး မြန်မာနိုင်ငံသား၊ ချင်းတိုင်းရင်းသား၊ MMA ကစားသမားဆိုပြီး မှတ်တိုင်တစ်ခု စိုက်ခဲ့ပါပြီ။

ပြိုင်ပွဲတွေတော့ ကစားတဲ့ MMA Gym အလိုက် ကွာသွားတယ် လို့ပြောရမယ်။ ကျနော်လက်ရှိမှာတော့ South Korea ရဲ့ Fighting promotion တွေ ဖြစ်တဲ့ ROAD FC ၊ AFC ၊MKF ၊KMPU အစရှိတဲ့ နေရာတွေမှာ အငယ်တန်းအလွတ်ပြိုင်ပွဲတွေ ကစားနေပါတယ် ကိုယ့်အလုပ်လုပ်တဲ့နေရာနဲ့ နီးတဲ့ ပြိုင်ပွဲဆို အကုန် ဝင်ပြိုင်ထိုးတယ်။ Record အနေနဲ့တော့ စုစုပေါင်းပြိုင်ပွဲ (11) ပွဲမှာ (8) ပွဲနိုင် (3 ) ပွဲရှုံး ဆိုတဲ့ ရလဒ်ရှိပါတယ်။ KMPU ရဲ့ 70 kg အလွတ်တန်းမွေထိုင်းပြိုင်ပွဲမှာ Champion ဖြစ်ခဲ့ပါတယ်။ နိုင်ပွဲတွေ ရတဲ့အချိန်မှာဆို ညီလေးသာ ရှိခဲ့ရင် ဆိုပြီး အမြဲတွေးမိတယ်။ တွေးမိတိုင်းလဲ မျက်ရည်ဝဲပြီး ငိုချင်မိတယ် သူ့ကြောင့်လို့လဲ ပြောရမယ်လေ။ တခါတလေဆို ညီလေးကိုယ်တိုင်ဘေးမှာ ရှိနေသေးတယ်လို့တောင် ခံစားမိတယ်။ ပြီးတော့ ဘုရားရဲ့ ကူညီလမ်းပြမှုတွေကြောင့် ပြိုင်ပွဲတွေမှာ အလဲထိုးနဲ့ ဖြစ်စေ တစ်ဖက်သတ်နဲ့ ဖြစ်စေ မရှုံးဖူးဘူး။ ဒိုင်အမှတ်ပေးနဲ့ဘဲ ရှုံးခဲ့တယ်။

ခွဲခြားဆက်ဆံခံခဲ့ရတာလဲ များကြီးပေါ့ဗျာ နိုင်ငံခြားသားဆိုတော့။ ကျွန်တော့်အနေနဲ့ ပြောချင်တာက မိဘတွေအနေနဲ့လဲ ဒီထက် အမြင်ကျယ်သင့်နေပါပြီ။ ကိုယ့်သားသမီးတွေ ဘယ်နယ်ပယ်မှာ အားသန်တယ် အားနည်းတယ်ဆိုတာ ပိုသိသင့်ပါတယ်။ သားသမီးတွေ အားသန်တဲ့နယ်ပယ်မှာသာ အကောင်းဆုံး ကူညီပံ့ပိုးပေးစေချင်တယ်။ ဒါမှသာ ဒီနိုင်ငံက လူတော်လေးတွေက နိုင်ငံအတွက်ကော၊ လူမျိုး အတွက်ပါ ဂုဏ်ဆောင်နိုင်တဲ့ ရတနာလေးတွေ ဖြစ်လာမှာလို့ မြင်မိပါတယ်။ သားသမီးတွေ အနေနဲ့လဲ ကိုယ်အားသန်တဲ့ နယ်ပယ်ရပ်မှာ ကောက်ရိုး မီးတောက်မဟုတ်ဘဲ တကယ်ကို ရှူးသွပ်ပြီး အားထုတ်စေချင်မိပါတယ်။ ဒါမှသာ ကိုယ်အားသန်တဲ့ နယ်ပယ် ရပ်ဝန်းမှာ ထူးချွန် ပေါက်မြောက်မယ်လို့လဲ ပြောချင်ပါတယ်။

ပြီးတော့ ကျွန်တော်တို့ လူငယ်တွေအနေနဲ့ ကိုယ့်ရဲ့ပတ်ဝန်းကျင်အခြေအနေကြောင့် ကိုယ့်ရဲ့ ပန်းတိုင်ကို အဆုံးအရှုံး အထိအခိုက်မခံပါစေနဲ့။ အရက်သမားနား နေလို့ အရက်သမားဖြစ်ရမယ် ၊ဆေးသမားနဲ့ ပေါင်းနေလို့ ဆေးသမားဖြစ်ရမယ်ဆိုတဲ့ ဥပဒေလဲမရှိပါဘူး မိမိသည်သာ အဓိကဖြစ် ပါတယ်။ အလုပ်ပင်ပန်းလို့၊ နိုင်ငံရေး မကောင်းလို့၊ အချိန်မပေးနိုင်လို့ဆိုပြီး အခြေအနေတွေ အကြောင်းပြချက်တွေက ကိုယ့်ရဲ့ အိမ်မက်တွေကို မဖျက်ဆီးစေချင်ဘူး။ ကျွန်တော်ခုလိုပြောတာ လေကျယ်နေတယ်လို့လဲ မထင်စေချင်ပါဘူး ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ အရာတွေကလဲ ကျွန်တော့်အသက်အရွယ်နဲ့ မလိုက်ခဲ့ပါဘူးဗျာ။ သိပ်ပင်ပန်းခဲ့တယ်၊ ယောကျာ်းတန်မဲ့ နေ့ရက်တိုင်းနီးပါး မျက်ရည်တွေနဲ့ ငိုကြွေးခဲ့ရတယ် ဖြတ်သန်းခဲ့ရတယ်၊ ကျရှုံးခဲ့ရတယ်။ အဓိက ကတော့ အရှုံးမပေးဖို့ပါဘဲလို့ အကြံပြုချင်ပါတယ်။

နောက်ထပ် ကျွန်တော့်အနေနဲ့ အကြံပြုချင်မိတာက စည်းကမ်းရှိဖို့ အရမ်းအရေးကြီးပါတယ်။ တစ်ချို့ကတော့ စိတ်အားအရမ်းထက်သန်တယ် ဒါပေမဲ့ စည်းကမ်းမရှိကြဘူး။ အဲလိုဆိုရင်တော့ စိတ်ဓာတ်တွေကျတဲ့ အခါ စိတ်ခွန်အားတွေ မရှိတော့တဲ့အခါ မလုပ်သင့်တာတွေ လုပ်မိတော့ အရှုံးပေးရတာ သိပ်လွယ်တယ်။ ဒါကြောင့်မို့ စိတ်ခွန်အားတွေ စိတ်အား ထက်သန်မှုတွေက မလုံလောက်ဘူးလို့ ပြောချင်မိပါတယ်။ စိတ်ဓာတ်တွေကျနေလဲ စည်းကမ်းရှိရှိ တိုးတိုးတိတ်တိတ် ကြိုးစားအားထုတ်ရင်အောင်မြင်မှုတွေရဲ့ အသံကတွေက ကျယ်လောင်လာမှာပါ။ ဒါကြောင့်မို့ ဘယ်တော့မှ လက်မလျှော့ဘဲ

ခေါင်းမာမာနဲ့ ကြိုးစားပြီး ဘဝတိုက်ပွဲကို ဆင်းနွှဲရင်း မိမိလူမျိုး တိုင်းပြည်အတွက် အကျိုးပြုနိုင်တဲ့ ဂုဏ်ဆောင်နိုင်တဲ့ လူငယ်များဖြစ်ကြဖို့ ဆုတောင်းရင်း အကြံပြုလိုက်ပါတယ်။ Ⓖ

With heart ,
Chin Warrior Henry Dc LIan (Laipa)

*"Put God first. Always remember who you are, what you dream to be, and the roots that shaped you."*



interviews

# Doctor Cungpi

———— နဲ့ပတ်သက်ပြီး တော်လှန်ရေး ခေါင်းဆောင်ကြီး တစ်ယောက်က "သူက ဆေးဆရာ ဝန်တော့ ဆရာဝန်ပဲ ဒါပေမယ့် ဆေးကု တဲ့ဆရာဝန်လဲ မဟုတ် ပြန်ဘူး" ဆိုပြီး နားမလည်နိုင် ဖြစ်နေ ခဲ့တာကို ပြန်သတိရမိပါတယ်။ သူက ဘယ်လို ဆရာဝန်လဲ ဘာတွေ လုပ် တာလဲ၊ အဲဒါထက်ပိုပြီးတော့ ပြောရ ရင် သူက ဘယ်လိုလူမျိုးလဲ ဆိုတာ သူကိုယ်တိုင် ပြောပြထားတာကို အတူဖတ်ရှု ကြည့်ရအောင်။

Mung (CIC)

ကျွန် တော်က ဟားခါမှာ မွေးတယ်၊ ဟားခါးမှာ ကြီးပြင်းတယ်။ အဖေကတော့ ဟားခါး မြို့ဟောင်း ဖက်ကပါ။ မွေးချင်း အစ်ကို တစ်ယောက် ရှိတယ်။ အဖေနဲ့အမေလည်း အခုချိန်ထိ တော့ ကျန်းကျန်းမာမာနဲ့ ရှိနေပါတယ်။ ၂၀၁၅ မှာ ဆေးတက္ကသိုလ် (၁) ရန်ကုန်ကနေ ကျောင်းပြီးခဲ့တယ်။ ကျောင်းပြီးတော့ ချင်းတောင် မှာပဲ NGO အလုပ်တွေကို ဟားခါးတဝိုက်မှာ လုပ်တယ်။ နောက်ပိုင်း ချင်းပြည်နယ်ရဲ့ တာဝန်ခံဖြစ်ပြီးနောက်ပိုင်း မှာ ချင်းပြည်နယ် နဲ့ စစ်ကိုင်းကို လွှမ်းပြီး တော့ လုပ်ခဲ့တာရှိတယ်။ ၂၀၂၂ ခုနှစ်မှာ Scholarship နဲ့ US မှာရှိတဲ့ John Hopkin School of Public Health မှာ Master of Public Health ပြီးခဲ့တယ်။ ကျောင်းပြီးပြီး နောက်ပိုင်းမှာ ကျွန်တော်တို့ ဒီ Chinlung Hospital မှာပဲဖြစ်ဖြစ် တခြား ကျွန်တော်တတ်နိုင်သမျှ ကျန်းမာရေးနဲ့ ပတ်သက် တဲ့ နေရာတွေမှာ Advocacy တွေလည်းလုပ်နေတယ်။ Doner တွေ နဲ့ Communication တွေလည်း တောက်လျှောက်တော့ လုပ်နေ ပါတယ်။

၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက် စစ်အာဏာရှင်က အာဏာ သိမ်းတယ်လို့ ကြားပြီးနောက်ပိုင်းမှာ ကျွန်တော် တစ်ရက်နှစ် ရက်လောက်တော့ ဆွံ့အသွားခဲ့တယ်။ ပြီးတော့ ကျွန်တော်မှတ်မိသေးတယ် UN Statement ကိုစောင့်ပါတို့၊ နှစ်ရက်သုံးရက် တော့ကြာမှာ ခနလေး ဘာမှမလုပ်ကြပါနဲ့ဦး၊ အဲလိုဟာ မျိုးပေါ့နော်။ ဒီလိုနဲ့ ကျွန်တော်ဟားခါးမှာ သံဗုံးစတီးတဲ့အထဲမှာ ပါခဲ့တယ်။ ဆန္ဒပြတဲ့အထဲ မှာ ကျွန်တော် ဦးဆောင်ခဲ့တယ်။ CDM လှုပ်ရှား မယ်လို့ ပြောတဲ့အခါမှာ Supporting Team ကိုဖွဲ့ကြမယ်ဆိုပြီးတော့ ကျွန်တော်တို့ တစ် နေရာမှာစုကြတယ်။ ပြီးတော့ ကျွန်တော်တို့ Hakha Covid Respond Committee ဆိုပြီးတော့ လူငယ်တွေ အကုန်လုံး ချိတ်ထားပြီးသား Network ရှိတယ်။ အဲဒါကို တိုင်ပင်ပြီးတော့ အဲ့ဒီ Committee ကို အသစ်တဖန်ပြန် ချိတ်ဆက်ပြီးတော့ ဆန္ဒပြမှုတွေ လုပ်ခဲ့တာပေါ့နော်။ ဆိုတော့ ကျွန်တော့်အနေနဲ့ ပထမဦးဆုံး warrant ထုတ်ခံတဲ့အထဲမှာ ပါခဲ့တယ်။ တစ်ခေါက်ဆို လို့ရှိရင် ကျွန်တော့်အိမ်ကို ဝိုင်းကြတယ်။ ကံကောင်းထောက်မစွာနဲ့ပဲ ကျွန်တော့် သူငယ်ချင်းကကျွန်တော့်အသက်ကိုကယ်ခဲ့ တဲ့ အတွက် စစ်ကောင်စီလက်ထဲမပါသွားပဲနဲ့ လွတ်မြောက်လာခဲ့တယ်။

အဲ့ဒီနောက်ပိုင်းမှာ ဆိုလို့ရှိရင်တော့ ကျွန်တော်က နိုင်ငံရေးသမား မဟုတ်တဲ့ အခါကျတော့ ကိုယ့်ရဲ့ လုပ်ငန်းဆောင်ရွက်မှုတော်တော်များများမှာ တော်လှန်ရေးအရေးကို ဘယ်လိုနည်း ဘယ်လို ဟန်နဲ့ ပံ့ပိုးပေးမလဲ၊ ကျွန်တော့်ရဲ့ ဒီဆရာဝန်ပြည်သူ့ကျန်းမာရေးဖက်ကနေ ဒီတော်လှန်ရေးကာလမှာ ပြည်သူတွေကို ကိုယ့်ရဲ့ သိထားတတ်ထားတဲ့ ပညာနဲ့ ဘယ်လိုမျိုးပေးဆပ်မှု လုပ်ပေးရမလဲ Support လုပ်ပေးရမလဲဆိုတဲ့အပိုင်းကို တွေးပြီးတော့ ရတဲ့ အခွင့်အရေးနဲ့ ကျွန်တော်သွားနေတာဖြစ် ပါတယ်။

၂၀၁၅ ကျောင်းပြီးတဲ့ အချိန်အထိ ကျွန်တော်တို့ ချင်းလူမျိုးဆိုတာဘာလဲ ဆိုတာကို တိတိကျကျနားမလည်ခဲ့ဘူး။ ကျောင်းပြီးတော့ Doctor Lian Hmung Sakhong တို့ရုံးက ထုတ်ဝေပေးတဲ့ စာအုပ်တွေဖတ်တယ်။ Workshop တွေ Seminor တွေ တက်ပြီးမှပဲ ကိုယ်က ချင်း လူမျိုးပါ။ နောက်ပြီးတော့ ကျွန်တော်တို့ ချင်းလူမျိုး က Lai တစ်ခုတည်းမဟုတ်ဘူး။ ကိုယ့်ရဲ့ချင်းဆိုတဲ့ဟာက ကိုယ့်ရဲ့စကား၊ ကိုယ့်ရဲ့ ရေမြေ၊ ကိုယ့်ရဲ့ ဓာတ်မြေ၊ ယဉ်ကျေးမှုတွေ ရှိတဲ့လူမျိုးတစ်မျိုး ဖြစ်ပြီးတော့ တော်တော်လေးကို ဂုဏ်ယူဝင့်ကြွား ဖွယ်ဖြစ်တဲ့ လူမျိုးတစ်မျိုးဆိုတာကို သိလာခဲ့ တာပေါ့နော်။ အဲ့တုန်းက ဆိုလို့ရှိရင် အခြား တိုင်းရင်းသားသူငယ်ချင်းတွေက ကိုယ်တွေကို နှိမ်ခဲ့တာ။ ဆင်းရဲလို့တစ်ပိုင်း၊ ချင်းဖြစ်လို့ တစ်ပိုင်းဆိုပြီးတော့ inferiority complex အများကြီးရှိခဲ့ဖူးတယ်။

ဒီလိုနဲ့၂၀၂၂ မတိုင်ခင်မှာ ဟားခါး လူငယ်အဖွဲ့အစည်းမှာ မြို့နယ်တာဝန်ခံ အနေနဲ့ ပါခဲ့တယ်။ ပြီးတော့မြန်မာ တစ်နိုင်ငံလုံးမှာ ရှိတဲ့ Youth Policy ဖြစ်မြောက်ရေးအတွက်ကို ကျွန်တော် တို့ တတ်နိုင်သလောက် ပါဝင်ပတ်သက်ခဲ့တာ လေးတွေ ရှိခဲ့တယ်။ ပလက်ဝစစ်ဘေးရှောင် အရေးတို့၊ မွန်ပြည်နယ်မှာ ရေကြီးမှု ဖြစ်ခဲ့တာတွေ ကိုလည်း ကျွန်တော်တို့ ချင်းကိုယ်စားပြုအနေနဲ့ ထောက်ပံ့ပေးခဲ့ တဲ့ဟာမျိုးတွေ လုပ်ခဲ့တယ်။ ကျောင်းတက်တုန်းကတော့ LSSB ရယ် CUSF တွေမှာ တောက်လျှောက်တော့ ပါဝင်ခဲ့တယ်။ ကျောင်းပြီးတော့ Idendity Crisis ရခဲ့ပြီး နောက်ပိုင်းမှာ ကိုယ့်ရဲ့ Idendity ကိုပြန် ရှာလိုက်တော့ ကျွန်တော်ဟာချင်း တစ်ယောက် ဖြစ်တယ် ဆိုတဲ့ဟာကို အရမ်း ဂုဏ်ယူတယ် ဆိုတဲ့ဟာမျိုး ဖြစ်လာတယ်။ အရင်တုန်းက ကျွန်တော်ဆိုရင် ဟားခါးသားပေါ့နော် မြို့ဟောင်းသား မြို့သစ်သားဆိုပြီးတော့ အဲ့လိုမျိုးလေးတွေကို စနစ်အရလို့ပြော ရမလား ၊ ယဉ်ကျေးမှုအရလို့ ပဲပြောရမလား။ တမင်တကာခွဲခြားထားတဲ့ဟာ လေးတွေရှိတယ်။ ကိုယ့်ရဲ့ ရပ်ကွက်၊ ကိုယ့်ရဲ့ တောင်ကြော၊ ကိုယ့်ရဲ့ဓာတ်မြေ ဆိုပြီး ခွဲခြား ထားတာလေးတွေရှိတယ်ပေါ့နော်။ အဲလို မျိုးအတွေးလေးတွေရှိတဲ့ဟာလည်း ကိုယ့်ရဲ့ ဓာတ်မြေကို နှစ်သက်မှုမှာ အများကြီး အကျိုး သက်ရောက်မှုရှိတယ်လို့ ပြောလို့ရတယ်ပေါ့နော်။ ဒါပေမယ့် ကျွန်တော်ကတော့ ဖြစ်နိုင်ရင် ဒီ Tribal အရေးထက် ချင်းအရေးကို ချင်းတစ်မျိုးလုံး လွှမ်းခြုံနိုင်အောင် ဘယ်လိုလုပ်ကြမလဲ ဆိုတဲ့ ဟာကို ပိုအရေးကြီးတယ်လို့ အရင်ကတည်းက ယူဆခဲ့တယ်။ အခုဆိုလို့ရှိရင် ပိုပြီးတော့တောင် အရေးကြီးလာတယ်လို့ ယူဆလို့ရတယ်။

၂၀၂၄ခုနှစ်မှာ မထိုက်တန်ပဲနဲ့ ရရှိခဲ့တယ်လို့ ထင်ခဲ့တဲ့ ဆုနှစ်ဆုရှိပါတယ်။ တစ်ခုကတော့ Chin TV International Award ကပေးတဲ့ Chin Youth of The Year နဲ့ Chin Tube ကပေးတဲ့ Hero of The Year အဲ့ဆုနှစ်ဆု ကိုရခဲ့တယ်။ ဘာအတွက်ကြောင့် ရခဲ့လဲ ဆိုတာကို ကိုယ့်ကိုကိုယ် စဉ်းစားလို့ မရဘူး။ ပြောရလို့ရှိရင် အဲ့ဆုတွေပေးခံရလို့ ကိုယ့်ကိုကိုယ်လည်းရှက်တယ်။ မထိုက်တန်မှန်း အရမ်းသိသာတယ်။ ဘာလို့လဲဆိုတော့ ရှေ့တန်း ရဲဘော်တွေမှာ ခြေပြတ်လက်ပြတ် ဆုံးရှုံးသူတွေ၊ ခန္ဓာကိုယ်ဆုံးရှုံးတဲ့သူတွေ၊ အသက် ပေးဆပ်ရတဲ့ ရဲဘော်တွေ၊ မိသားစုတွေ ၊ CDM သမားတွေ စတဲ့ ပေးသင့်ပေးထိုက်တဲ့ သူတွေ အများကြီးရှိတယ် ပေါ့နော်။ သူတို့ကိုလည်း အားနာတယ်။ ကျွန်တော့်အနေ နဲ့ဆိုရင်တော့ ဒီဆုက ဘယ်လို သဘောထား လဲဆိုတော့ ကျွန်တော်အခုလုပ်နေတဲ့ အရာတွေကို တစိုက်မတ်မတ်နဲ့ ဒီချင်းအရေး မှာပဲဖြစ်ဖြစ် ဒီတစ်နိုင်ငံလုံးလွတ်မြောက်ဖို့ အရေး မှာ တဖက်တလမ်းကနေ ဘယ်လို ပါဝင်မလဲ ဆိုတာကို ဦးစားပေးပြီးတော့ ဒီဆုရခြင်းအားဖြင့် ထိထိရောက်ရောက်





ကျယ်ကျယ်ပြန့်ပြန့်နဲ့ ပို လုပ်နိုင်ဖို့ရန် အတွက် လမ်းကြောင်းဖော်ပေးတဲ့ Platform တစ်ခုလို့တော့ ကျွန်တော်ယူဆပါတယ်။

---

ကျွန်တော့်အနေနဲ့ကတော့ ဒီတတ်ကျွမ်းတဲ့ အရာမှာပါဝင်တယ်ဆိုတဲ့နေရာမှာ အရင်တုန်းကတော့ ၂၀၂၁ ဧပြီလမှာ ကျွန်တော် စစ်သင်တန်း တက်မယ်ဆိုပြီးတော့ သွားခဲ့တယ်။ အဲ့မှာ မှတ်မှတ်ရရ သေနတ်ကိုင်တဲ့အချိန်မှာ လက်က အရမ်းတုန်တော့ ကျွန်တော်သေနတ်ကိုင်ပြီးတော့ တိုက်ပွဲဝင်လို့ရမှာ မဟုတ်ဘူး ဆိုတာကို သိလာခဲ့တယ်။ ဒါပေမယ့် ဒီတော်လှန်ရေးမှာလည်း ပါသင့်တယ်လို့ထင်တယ်။ ပါဝင်မယ်လို့ ဆုံးဖြတ် ထားတဲ့အတွက်ကြောင့် ကျွန်တော်တတ်ထားတဲ့ ဒီဆေးပညာကနေ ပါဝင်မယ်ဆိုပြီးတော့ ဆုံးဖြတ်ခဲ့တယ်။

---

တစ်ဖက်ကနေကြည့်မယ်ဆိုလို့ရှိရင် တခါတလေကျရင် Resource က အရမ်း Limit ဖြစ်တဲ့အခါတော့ အရမ်းပင်ပန်းရတယ်ပေါ့နော်။ ကိုယ်တစ်ယောက်တည်းပဲ ရုန်းကန်နေရသလား ဆိုတဲ့ အတွေးတွေလည်းဝင်လာတတ်တယ်။

နောက်တစ်ခုကတော့ လုပ်ချင်ကိုင်ချင်စိတ် မရှိတော့တဲ့အချိန်မှာ ဘယ်သူဘယ်ဝါကို ရင်ဖွင့်ရင်ကောင်းမလဲဆိုတဲ့ဟာက သိပ်မရှိတဲ့ အချိန်ပေါ့နော်။ အခုနောက်ပိုင်းကတော့ ဒီတော်လှန်ရေးမှာ လုပ်ကိုင်ကိုင်ဖက်တွေရော၊ သူငယ်ချင်းမိတ်ဆွေတွေရော ဖော်ဖော်ရွေရွေ ရင်းရင်းနှီးနှီးနဲ့ ပွင့်ပွင့်လင်းလင်း ပြောလို့ရတဲ့ သူတွေများလာတယ်။ အဲ့တုန်းကတော့ စကာစ မျိုးမှာဆိုတော့ သိပ်မရှိခဲ့ဘူး။

---

တခါတလေစဉ်းစားမိတယ်။ ဒီအချိန်မှာကိုယ်က ကိုယ်နေတဲ့ နေရာမှာ ဖုံးကြဲလို့ ထိပြီး ကိုယ်ကပါသွားတယ်ဆိုရင် ကိုယ့်ရဲ့ဒီတိုင်းပြည်အတွက်၊ ချင်းလူမျိုးအတွက် လုပ်တဲ့ ဟာက တာဝန်ကျေတယ်လို့ ပြောလို့ရမှာပဲ ဆိုတဲ့ ခံစားချက်မျိုးတွေလဲ ရှိတယ်ပေါ့နော်။ အဲ့လို ပြောလိုက်လို့ ကိုယ်ချက်ချင်းသေသွားမယ်ဆို တာမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဝန်လေးမိမှာတော့ မဟုတ်ဘူးလို့ ကိုယ့်ကို ကိုယ်တော့ သတိထားမိတယ်။ နောက်တစ်ခု ကျွန်တော် အရမ်းသဘောကျတာက မရှိတဲ့ဟာကနေ ရှိတဲ့အရာဘက်ကို ကျွန်တော်တို့သွားနေတော့ အလုပ်လုပ်နေတဲ့အချိန်မှာ တဖြည်းဖြည်းနဲ့ System Building ဖြစ်လာတယ်။

Constitution တွေ တည်ဆောက်လာတယ်။ အဲဒါက အရမ်း အနှစ် သာရရှိတယ်လို့ ယူဆတယ်။ ကိုယ့်ရဲ့ချင်းလူမျိုးအတွက် ချင်းပြည်နယ်မှာ ချင်းလူမျိုးတွေနဲ့ သက်ဆိုင်တဲ့ content နဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေနဲ့ လိုက်ဖက်တဲ့ Policy တွေ လုပ်ငန်းဆောင်တာတွေ တဖြည်းဖြည်းနဲ့ စလုပ်နိုင်တာကလည်း ဖက်ဒရယ် ဒီမိုကရေစီဖက်ကို သွားနေတဲ့ ကျွန်တော်တို့ ပန်းတိုင်တွေနဲ့ အများကြီး သက်ဆိုင်မှုရှိတယ်ဆိုပြီးတော့ ကျွန်တော် ကိုယ့်ကိုကိုယ် ဂုဏ်ယူတယ်ပေါ့နော်။ ချင်းလူမျိုးတွေ အတွက် လုပ်ပိုင်ခွင့်အာဏာတွေက ချင်းလူမျိုးတွေ ထဲမှာ ရှိတယ်ဆိုတဲ့ဟာကို မြင်ရလိုက်တဲ့ အနှစ် သာရကတော့ ဘာနဲ့မှလဲလို့မရဘူး။ ဆိုတော့ ဘာမှမရှိတဲ့ အချိန်ကနေ စလုပ်ပြီးတော့ အခု တော်လှန်ရေးလည်းသွားနေတုန်း၊ တချို့နေရာ တွေဆို Transitional Period လို့အခြေအနေအထိ ရောက်လာပြီဆိုတော့ တစ်ဖက်ကနေ အရမ်းဂုဏ် ယူတယ်။

---

စွန့်လွှတ်ရတဲ့အရာတွေတော့ အများရှိကြီးပေါ့နော်။ ဒီစွန့်လွှတ်ရတဲ့ ဆိုတဲ့ နေရာမှာ ငွေကြေးဥစ္စာတွေကို ဆိုလိုတာ မဟုတ် ပါဘူး။ အဲ့အရာတွေကလည်း ဘာမှ ပြောပ လောက်တာလည်းမဟုတ်ဘူး။ စွန့်လွှတ်မှုမှာ ရဲဘော်တွေရဲ့ ခြေလက်တွေ၊ အသက်သွေးချွေး တွေဟာ အမြင့်မြတ်ဆုံး ပေးဆပ်မှုတွေဖြစ်တဲ့ အတွက် အဲ့အရာတွေကြောင့်ပဲ ကိုယ်ပင်ပန်းတိုင်း သူတို့ရဲ့ စွန့်လွှတ်မှု ၊ ပေးဆပ်မှုတွေကို မြင်ယောင် ပြီးတော့ ကိုယ်လုပ်နေတဲ့အရာကို ဆက်လုပ်ရ မှာပဲဆိုပြီးတော့ အခုချိန်ထိသွားနေတာပေါ့နော်။

---

ကျွန်တော်ကတော့ နှစ်အကြာကြီး တော်လှန်ရေးမှာ ခေါင်းဆောင်လုပ်ခဲ့တဲ့ လူကြီးတွေကို လေးစားသလို လက်ရှိ တော်လှန် ရေးမှာ အသစ်ထွက်လာတဲ့ ခေါင်းဆောင် တွေကိုလည်း အရမ်းသဘောကျတယ်။ အားကျတယ်။ လေးလည်းလေးစားတယ်။ သူတို့ကြားက Generation ကွာဟမှုကို သိပြီးတော့ ကိုယ့်ရဲ့ဒေသ၊ ကိုယ့်ရဲ့ လူမျိုးတွေအတွက် လုပ်ရင်းနဲ့ ချင်းဆိုတဲ့အရာမှာ ဘယ်လိုစုစည်း ကြမလဲ ဆိုတဲ့ဟာကို စဉ်းစားကြမယ်ဆိုရင် အများကြီးရှေ့ရောက်မယ်လို့ထင်တယ်။





ပြီးတော့ ဒီတော်လှန်ရေးကာလမှာ tribal အလိုက် ကျေးရွာအလိုက် အသံတွေထွက်လာကြတဲ့ ဟာတွေက အရမ်းကိုမွန်မြတ်တယ်လို့ ယူဆတယ်။ အသံထွက်တာတွေ၊ အငြင်းပွားတာတွေလည်း ဖြစ်ပါလေ့စေ။ အကြာကြီး ဖြစ်နိုင်ကြမှာ မဟုတ်ဘူး။ ဒါပေမယ့် အကြာကြီး ဖြစ်တာတော့ မကောင်းဘူးပေါ့နော်။ အကြာကြီး မဖြစ်ပဲနဲ့ ဒီဖက်အနေထားရဲ့ လို့အပ်ချက်ကဒါ၊ ဟိုဖက် အနေအထားရဲ့ လိုအပ်ချက်က ဒါ ဆိုပြီးတော့ အချင်းချင်း ပြောရင်းဆိုရင်း နားထောင်ရင်းနဲ့ ဒီစည်းလုံးမှုကို ဦးဆောင်နိုင်မယ်လို့ ယူဆတယ်။ ကျွန်တော်အတူတူအလုပ်လုပ်တဲ့ လူကြီးတော်တော်များများလည်း သူတို့ရဲ့ Mindset ထဲမှာ ပူးပေါင်းဆောင်ရွက်ချင်တယ် ဆိုတာကို သတိထားမိတယ်။ လူငယ်တွေမှာတော့ ဟိုဖက်

## ❝ကျောင်းပြီးတဲ့ အချိန်အထိ ကျွန်တော်တို့ ချင်းလူမျိုးဆိုတာ ဘာလဲ ဆိုတာကို တိတိကျကျ နားမလည်ခဲ့ဘူး❞

ဒီဖက် ဆိုတဲ့ အစွဲတွေ အတွေးအရောင်စွန်းတာတွေ သိပ်သတိမထားမိဘူး။ ဒီလူတွေ တစ်ယောက်နဲ့ တစ်ယောက် စကားအများကြီး ပြောနိုင်တယ်ဆို ရင်တော့ ကျွန်တော်တို့ ချင်းတွေရဲ့တော်လှန်ရေး ကလည်း မဝေးတော့ဘူးပေါ့နော်။ ဆိုတော့ ဒီအခက်အခဲတွေက ကြုံ သင့်တယ်၊ ကြုံလည်းကြုံရမှာဖြစ်တယ်။ ဘာလို့လဲဆို ကျွန်တော်တို့က ကိုယ်ကဘာလဲ ဆိုတဲ့ဟာတောင် သေချာမသိတဲ့လူမျိုးက အခု ကိုယ့်ရဲ့အရေးကို လက်နက်ကိုင်ပြီး တိုက်ယူနေတဲ့အချိန်မှာ အဲ့ဆူးခလုတ်လေးတွေကတော့ ကျွန်တော်တို့အနေနဲ့တော့ ကြုံမှာပဲ။ ဒါပေမယ့် သံဖိနပ်ထူထူကြီးစီးပြီးတော့ အဲ့ဆူးခလုတ် တွေကို ကျော်ဖြတ်သွားနိုင်မယ်လို့တော့ အာမခံတယ်။

---

အိမ်မက်တွေကတော့အများကြီး ရှိခဲ့တယ်။ အခုလည်း ဆက်ရှိနေတုန်းပါပဲ။ ဟိုတလောက မင်းသားဒေါင်းက ပြောတဲ့ဟာထဲမှာ "တော်လှန်ရေး လုပ်တဲ့လူတွေက ဘဝမပျက်ဘူး၊ ဘဝပျက်မယ့် သူတွေက အာဏာရှင်စနစ်ကို ကိုင်စွဲထားတဲ့သူတွေ" ပေါ့နော်။ ကျွန်တော်အရမ်း သဘောကျတယ်။ ဒီ Master မတက်ခင်မှာ လူငယ်တွေ အတွက် စိတ်ပိုင်းဆိုင်ရာ၊ ဘဝဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ တွေကို အရမ်းလုပ်ချင်ခဲ့တယ်။ ကိုယ့် Master ကိုလဲ အဲဒီအပေါ်မှာ Thesis ရေးခဲ့တယ်။ အခုတော့ကျွန်တော်တို့ဒီတော်လှန်ရေး လုပ်ရင်းနဲ့ သွားနေတဲ့လမ်းကြောင်း တောက်လျှောက်မှာ ရှေ့တန်းမှာ တော်လှန်တိုက်ထုတ်နေတဲ့ လူငယ် ရဲဘော်တွေနဲ့ အများကြီးရင်းရင်းနှီးနှီးနဲ့ စကားပြောလို့ရတယ်။ အခွင့်အရေးတွေ အများကြီး ရှိလာတယ်။ သူတို့ရဲ့ကျန်းမာရေးတွေ၊ ကြုံတွေ့ရတဲ့အခက်အခဲတွေ၊ တချို့တွေဆို ခြေပြတ် လက်ပြတ်ဖြစ်တဲ့ရဲဘော်တွေပေါ့နော် သူတို့တွေကို ဒီတော်လှန်ရေး လမ်းကြောင်းမှာ လက်တွဲပြီးတော့ အတူတူဆက်သွားလို့ ရမလဲဆိုတဲ့ လမ်းကြောင်းတွေ ဖော်ပေးဖို့ အတွက် လမ်းစတွေလည်းအစပြုနေတဲ့ အချိန်ဖြစ်တယ်။ သူတို့ရဲ့စိတ်ပိုင်းဆိုင်ရာနှင့် ဘဝဖွံ့ဖြိုးရေးအတွက်လည်း အများကြီး ကျွန်တော်တို့ အတူတူဝိုင်းလုပ်နေတဲ့ အရာလေးတွေ လည်းရှိပါတယ်။ အဲဒီအရာတွေကလည်း ကျွန်တော့်ရဲ့အိမ်မက်တွေပါပဲ။ ကျွန်တော့်ရဲ့ အိမ်မက်တွေကို တဖြည်းဖြည်းချင်း အကောင် အထည်ဖော်နေတယ်လို့ ကျွန်တော်ယူဆပါတယ်။ ငယ်ငယ်တုန်းက ကျွန်တော်ဆုတောင်းခဲ့ဖူးတယ်။ ဘုရားသခင် ကျွန်တော်ကြီးလာတဲ့အခါမှာ တိုင်းပြည်နဲ့လူမျိုးကို အကျိုးပြုနိုင်တဲ့သူ ဖြစ်ပါစေ ဆိုပြီးတော့ ဆုတောင်းခဲ့ဖူးတယ်။ အဲ့ဆုတောင်းကို ဘုရားက အကောင်အထည်ဖော်စေခဲ့တယ်။ ဘုရားသခင်က အဖြေပေးတယ်လို့ပဲ ကျွန်တော် သတ်မှတ်ပါတယ်။

---

ကိုယ့်ကိုကိုယ်အားရကျေနပ်မှုရှိသလား ဆိုတော့ ရှိတဲ့ဟာလည်း ရှိသလို မရှိတဲ့ဟာလည်း ရှိတယ်။ အထူးသဖြင့် တော်လှန်ရေးရဲဘော်တွေ ကျဆုံးတဲ့ဟာကို ကျွန်တော်မြင်တယ်၊ ကြားတယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သူတို့မှာ အသက်တွေပေး ဆပ်ပြီးတော့ တိုက်ပွဲဝင်နေကြတယ်။ ကိုယ်တွေ အတွက်ကို အများကြီး သူတို့ ပေးဆပ်နေတယ် ဆိုတဲ့ဟာကို တိုင်းပြည်နဲ့ လူမျိုးအတွက်ပေး ဆပ်တဲ့နေရာမှာ သူတို့ကို လုံးဝမမှီနိုင်တဲ့အရာမှာ ကိုယ့်ကိုကိုယ်အား မရတာပေါ့နော်။ ကျေနပ်တယ်လို့ ပြောတဲ့ဟာ မှာဆိုရင် ဒီတော်လှန်ရေးမှာ တစ်စိတ် တစ်ပိုင်းအနေနဲ့ သေးသေးလေးဖြစ်တဲ့ အခန်းကဏ္ဍမှာ ကိုယ်တတ်ကျွမ်းတဲ့ ပညာလေးနဲ့ လုပ်နိုင်ခွင့်ရတယ်ဆိုတဲ့ဟာက အားရကျေနပ်ဖွယ်တော့ မဟုတ်ပေမယ့် ဒီအရာလေးက ကိုယ့်တိုင်းပြည်ကို အကျိုးပြုနေတယ်ဆိုတဲ့ အသိလေးကတော့ ဖြေသိမ့်မှုတစ်ခုပါပဲ။

---

ကျွန်တော်တို့ လက်ရှိအခြေအနေက ဒီနေ့လည်း ဆုံးနိုင်တယ်။ နောက်နေ့လည်း ဆုံးနိုင်တယ်။ ဒီပတ်အတွင်းလည်း တစ်ခုခု ဖြစ်သွားနိုင်တယ်။ ကိုယ်သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ အလုံးစုံ ဘုရားသခင်ကို အပ်ထားရတာပေါ့နော်။ တကယ်လို့များ ကိုယ်က အသက်ရှင်သေးတယ်၊ ကျန်းကျန်းမာမာရှိနေသေး တယ်ဆိုရင်တော့ သဘာဝတွေနဲ့ထိတွေ့မှုရှိတဲ့ တောတောင် နေရာလေးမှာ စာလေးဖတ်ပြီးတော့ ကော်ဖီလေးသောက်ပြီးတော့ Research တစ်ခုခု လုပ်မလား၊ ဒါမှမဟုတ် ရုံဖန်ရံခါ ဆွေးနွေးပွဲ လေးတွေကို မြို့တွင်းက လူငယ်တွေနဲ့ ဖြစ်ဖြစ် တခြား Network ချိတ်ပြီးတော့ ပြောမလား ဆိုပြီးတော့ပဲ ကိုယ့်ကိုကိုယ်မြင်တယ်။နောင်အနှစ် သုံးဆယ် အထိ အသက်ရှင်ခဲ့တယ် ဆိုရင်တော့ အေးအေးလူလူနဲ့ တောတောင် သဘာဝနဲ့ ရင်းနှီးတဲ့နေရာမှာ တစ်ယောက်ထဲ နေချင်ပါတယ်။ ၆

## LAUTU

# A'A PUVNUNG CA'ATE SA'HA'A A PA'NYI

## ကြက်မကငို၊ တောကြောင်ကရယ်

ကြက်မကြီးက အစာရှာသွားချိန်မှာ တောကြောင်က ကြက်ပေါက်ကလေးတွေကို ခိုးစားလို့
ကြက်မကြီးက ငိုရပြီး တောကြောင်ကတော့ ဗိုက်ဝလို့ ပျော်ရွှင်နေတဲ့ အဖြစ်နဲ့
မိမိသားသမီးတွေကို ကောင်းကောင်းမွန်မွန်စောင့်ရှောက်ဖို့ မိဘတွေကို သတိပေးထားတဲ့
Lautu ဒေသ စကားပုံဖြစ်ပါတယ်။



# 2025 WOMEN MAKE AWARD




## Cecilia Par

အမေရိကန်နိုင်ငံ စက်မှုလုပ်ငန်းကဏ္ဍမှာ ထူးချွန်အမျိုးသမီးတွေကိုချီးမြှင့်တဲ့ 2025 Women Make Award ဆုကို ချင်းအမျိုးသမီး Cecilia Par က လက်ခံရရှိခဲ့ပါတယ်။

ဒီဆုဟာ အမေရိကန်နိုင်ငံ စက်မှုလုပ်ငန်းကုမ္ပဏီအသီးသီးကနေ သူတို့ကုမ္ပဏီကိုယ်စား ထူးချွန်အမျိုးသမီးတွေကို ရွေးချယ်ပြီး အမည်စာရင်းတင်သွင်းရတာဖြစ်ပြီး 2025 Women Make Award အတွက် အမည်စာရင်းတင်သွင်းသူ အမျိုးသမီး ၂၀၀၀၀ ကျော်ရှိတဲ့ အထဲကနေ ထူးချွန်သူ ၁၃၀ ကိုရွေးချယ်ရာမှာ ချင်းအမျိုးသမီးတစ်ဦးဖြစ်တဲ့ Cecilia Par လည်း ပါဝင်ခဲ့တာဖြစ်ပါတယ်။

Cecilia Par ဟာ DENSO ကုမ္ပဏီမှာ Operating Manager အဖြစ်အလုပ်လုပ်ကိုင် နေသူ ဖြစ်ပြီး သူတို့ကုမ္ပဏီမှာ ဝန်ထမ်း ၂၅၀၀ ခန့်ရှိတဲ့အနက် ကုမ္ပဏီကိုယ်စား ရွေးချယ် ခံရတာဖြစ် ပါတယ်။ ဒီဆုကို အမေရိကရောက်မြန်မာနိုင်ငံသားတွေထဲမှာ ဒေါ်စီစီလျှာပါရ်က ပထမဦးဆုံးရရှိခဲ့တာလည်း ဖြစ်ပါတယ်။ ချင်းပြည်နယ် ဟားခါးဇာတိဖြစ်တဲ့ ဒေါ်စီစီလျှာပါရ်ဟာ ယခုလက်ရှိမှာတော့ အမေရိကန်ပြည်ထောင်စု Michigan ပြည်နယ်၊ Battle Creek မှာမိသားစုနဲ့အတူ နေထိုင်လျက်ရှိပါတယ်။

2025 Women MAKE Awards ဟာ စက်မှုလုပ်ငန်း / ကုန်ထုတ် လုပ်မှုတွေမှာ ထူးချွန်စွာ အောင်မြင်မှုရရှိသူတွေကို နှစ်စဉ်ဂုဏ်ပြုပေး ရှိတာဖြစ်ပါတယ်။



# Elaisa Vahnie

## MLK Humanitarian Award

Martin Luther King Jr. ကို ဂုဏ်ပြုတဲ့အနေနဲ့ သူ့မွေးနေ့မွေးလဖြစ်တဲ့ ဇန်နဝါရီလ ၁၇ ရက် Martin Luther King Jr. နေ့မှာ Burmese American Community Institute (BACI) ရဲ့အမှုဆောင် ဒါရိုက်တာ Elaisa Vahnie က လူသားချင်းစာနာထောက်ထားမှုဆု (MLK Humanitarian Award) ကိုရရှိခဲ့ပါတယ်။

BACI အဖွဲ့ဟာ မြန်မာနိုင်ငံမှာ ဖြစ်ပွါးခဲ့တဲ့ ၁၉၈၈ အရေးအခင်းနောက်ပိုင်း နိုင်ငံရေး အခြေအနေကြောင့် နယ်စပ်များတွင်ထွက် ပြေးခိုလှုံနေသူများ အမေရိကတွင် နိုင်ငံရေးခိုလှုံခွင့်ရရန်ကြိုးပမ်းဆောင်ရွက်ပေးတဲ့အဖွဲ့ ဖြစ်ပြီး အဖွဲ့အစည်းရဲ့လုပ်ငန်း လည်ပတ်မှုဟာနှစ်ပေါင်း ၃၀ ဝန်းကျင် ရှိပြီဖြစ်ပါတယ်။

BACI အဖွဲ့ဟာ အဓိက အားဖြင့် ရွှေ့ပြောင်းနေထိုင်သူများ အရေးနဲ့ပတ် သက်ပြီး ပြည်နယ် အစိုးရကို သော်လည်းကောင်း၊ အမေရိကန်အစိုးရနဲ့ လွှတ်တော်ကိုသော် လည်းကောင်း နှိုးဆော် တိုက်တွန်း ခြင်းလုပ်ငန်းများကို တစ်စိုက်မတ်မတ်ဆောင်ရွက်နေတဲ့ အဖွဲ့အစည်း ဖြစ်ပြီးအမေရိကန် ပြည်ထောင်စု Indianapolis ရှိ မြန်မာအသိုင်းအဝန်း အား ပညာရေးနဲ့ အသက်မွေးဝမ်းကြောင်း ဆိုင်ရာပံ့ပိုးကူညီမှုပေးနေပြီး ၂၀၁၁ ခုနှစ်မှာတရားဝင် အဖွဲ့အစည်း အဖြစ်တည်ထောင်ခဲ့တာဖြစ်ပါတယ်။

"အခုလို ဂုဏ်သရေရှိတဲ့ အသိအမှတ်ပြုဆုချီးမြှင့်တာဟာ မြန်မာအသိုက်အဝန်းသာမက လုပ်ဖော်ကိုင်ဖက်များအားလုံးကို အသိအမှတ်ပြုခြင်းပဲဖြစ်ပါတယ်။ ဒုက္ခသည်တွေကို ကြိုဆိုပြီး ဘဝသစ်နဲ့အတူ လွတ်လပ်မှုနဲ့အခွင့်အလမ်းရှိတဲ့ အမေရိကန်ပြည်ထောင်စုမှာ လူတိုင်းကိုကြိုဆိုပြီး တန်းတူညီတူ ဂုဏ်သိက္ခာရှိစွာဆက်ဆံတဲ့ မူဝါဒနဲ့ ပတ်ဝန်းကျင်မှာနေထိုင်ခွင့်ပြုတဲ့ အပေါ်နိုင်ငံခေါင်းဆောင်များနဲ့ အမေရိကန်ပြည်သူများကို ကျေးဇူးတင်ပါတယ်။ အခုလိုစည်းလုံးညီညွတ်မှုဟာ မာတင်လူသာကင်းရဲ့ လိုလားချက်လဲဖြစ်ပါတယ်"



Acceptance speech by

# Salai Mang Hre Lian

### Recipient of 2024 US secretary of State Global Human Rights Defender Award



I am deeply honored and profoundly humbled to accept the Chin Person of the Year 2025 Award from the Chin Youth Organization, North America. My heartfelt gratitude goes to the organizers of this powerful and timely conference, Our Voice, Our Future, and to all who took part in nominating and selecting me for this meaningful recognition.

This honor is not mine alone. It belongs to all of you who believe in the power of voice, in the courage of conviction, and in the unstoppable energy of our youth. It belongs to my mentors, my peers, and especially to the brave young people across Chinland and Myanmar who continue to stand tall in the face of a brutal military dictatorship. They remind us every day that our voice is not just important, it is indispensable to shaping our collective future.

As I accept this recognition, I am brought to a place of deep reflection—on fifteen years of being associated and work with the Chin Human Rights Organization, or CHRO. It has been a journey of learning, of growth, of falling and rising again, held together by one unshakable thread: purpose. CHRO, through its visionary leadership and nurturing spirit, has not only shaped who I am, but has become a space where three generations now work side by side, with shared commitment and unwavering resolve.

I want to take a moment to honor the founding members of CHRO, those towering figures on whose shoulders we proudly stand. They took the first steps when speaking out was dangerous, when hope was scarce. Because of their courage and foresight, a new generation, including myself, was equipped and empowered to carry the mission forward. And today, a third generation is rising, bolder, smarter, and more passionate than ever.

The future belongs to the youth, but it is our shared responsibility to create the platforms that help them thrive. We must build enabling environments where young people of every background and identity are empowered to dream, to lead, and to act, where courage is met with competence, and where values are translated into meaningful impact.

Today, our voice is more needed than ever. Whether it is on the frontlines in Chinland, where young people risk their lives for freedom, or on the global stage where we speak truth to power, the voice of youth is already shaping the narrative. I have seen young people give their time, their energy, and their talents, all while balancing school, work, and personal lives. They are not waiting for permission to lead—they are already doing it. That is the spirit we must lift up and sustain.

We cannot afford to be distracted by petty divisions, political bickering, or the shadows of a divided past. It is our unity, NOT OUR UNIFORMITY, that will define the future we are striving for. We owe it to ourselves, and to generations yet to come, to rise above ignorance and resentment, and to embrace wisdom, solidarity, and compassion.

> We owe it to ourselves, and to generations yet to come, to rise above ignorance and resentment, and to embrace wisdom, solidarity, and compassion.

Let us always remember that we hold power, the power of our collective voice, the power of our values, and the power of our vision. What matters is how we choose to use that power, for the greater good, for justice, for freedom.

Let me leave you with something close to my heart: CHRO's guiding principles:

Initiate, Inform, Inspire, and Influence. First, we initiate—we dare to begin, to act, to take that first courageous step.Then, we inform—we speak truth, we raise awareness, and we expose injustice. From there, we inspire—we awaken hearts, we mobilize minds, and we call others to join us. And finally, we influence—we shape policy, shift public thinking, and forge lasting change.

This is not a one-time process. It is a living, breathing cycle that drives every movement for justice and dignity forward.

Although I am deeply saddened not to be with you in person today, my heart is fully with you. I wish each of you strength, inspiration, and success throughout this gathering. May your voices ring out with clarity, may your ideas find wings, and may your dreams take root in action.

Let us continue this journey together, for the freedom of Chinland, for a just and democratic Myanmar, and for a future worthy of those who sacrificed before us, and those still to come.

## စာရေးသူအကြောင်း

ကျွန်တော်က မင်းတပ်မြို့ဇာတိဖွား ကိုရှိန်းလိန်း(ခ) ဗိုလ်ကြီး ထွန်းမြတ်အောင် ဖြစ်ပါတယ်။ ၁၉၉၀ ဒီဇင်ဘာ ၁၅ ရက် မှာ မွေးပါတယ်။ ၂၀၀၃ခုနှစ်ထိ မင်းတပ်မြို့မှာ ပညာသင်ပြီး ၂၀၀၄-၀၅ ခုနှစ်မှာ ၉-၁၀တန်းကို ပခုက္ကူမြို့မှာ ဖြေဆိုအောင်မြင်ခဲ့ပါတယ်။ ဖတန်းနှစ်ကနေ ဆယ်တန်းအထိက နတလ (နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များသင်တန်းကျောင်း)ဆိုတဲ့ နိုင်ငံတော်က ဖွင့်တဲ့မိဘမဲ့ဂေဟာမှာ နေခဲ့တယ်။ အဲဒီကနေဆယ်တန်းအောင်ရင် တက္ကသိုလ်တက်ခွင့်နဲ့ အလုပ်အကိုင်ကလည်း နိုင်ငံတော်အစီအစဉ်နဲ့ဆိုတော့ အဆင်သင့်ပဲမို့ ဆယ်တန်းကို နတလကနေ မအောင်တဲ့သူ တောင် နတလကောလိပ်တွေမှာ ညာပြီးလာတက်ကြတာ ရှိတယ်။ ထူးပြီး စစ်တက္ကသိုလ်တက်ခွင့်ရခဲ့တယ်။ အသက်မီလို့တဲ့။ ကျွန်တော်ရွေးခဲ့တာ မဟုတ်။ လူကြီးတွေက တက်ပါကောင်းတယ်ပြောလို့ ရောက်သွားတာ။ ဒါပေမယ့် ဟိုရောက်တော့ စည်းစနစ်တကျနေချင်တဲ့ကျွန်တော်၊ ညီအစ်ကိုနွေးထွေးမှုငတ်နေတဲ့ကျွန်တော်ပျော်ခဲ့ပါတယ်။ အဲဒီကဘွဲ့ရတော့လည်း မဟာဘွဲ့ဆက်တက်ဖို့ အရည်အချင်းမီခဲ့တယ်။ ရူပဗေဒနဲ့ ဘွဲ့ရခဲ့ပေမယ့် မဟာကိုတော့ ကျောင်းရဲ့လိုအပ်ချက်အရ အင်္ဂလိပ်စာနဲ့ ပြီးခဲ့ပါတယ်။ ဖြစ်ချင်တော့ အသွေးအသား ထဲက ဝါသနာပါခဲ့တဲ့ ဘာသာဗေဒပညာကို ဆည်းပူးလေ့လာခွင့်ရခဲ့တယ်။ ကျွန်တော့်ရဲ့ ပညာရေးကံက အဲသလောက်ကို ကောင်းတာပါ။ ၂၀၀၉ ခုနှစ် ကျောင်းဆင်းပြီး ဒုတိယဗိုလ်ဘဝနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းက ခြေလျင်တပ်ရင်းတစ်ခုမှာ တာဝန်ကျခဲ့ပါတယ်။ ၂၀၁၆ခုနှစ်မှာ ဗိုလ်ကြီးဘဝနဲ့ ခြေမြန်တပ်မ (၇၇) အောက်က ရွှေပြည်သာတပ်ကို ပြောင်းရွှေ့ တာဝန်ကျခဲ့ပါတယ်။ ၂၀၂၁ ဖေဖော်ဝါရီမှာ အာဏာသိမ်းပြီး နောက်တလမှ စီဒီအမ်ဝင်ပြီး အခု နေရပ်ဇာတိကို ပြန်ရောက်ခဲ့ပါတယ်။ ဗုဒ္ဓဘာသာဝင်တယောက် ဖြစ်ဖူးပေမယ့် အသက်နှစ်ဆယ်လောက်မှာ ဘာသာမဲ့ ဖြစ်ခဲ့ပါတယ်။ လိင်စိတ်ခံယူချက်ကလည်း asexual။ နိုင်ငံရေးခံယူချက်က green anarchist။

ဒီစာရေးဖြစ်တာက စကားသိပ်အများကြီးမပြောတတ်တဲ့ introvert တစ်ယောက်ဖြစ်တဲ့ ကျွန်တော့်အကြောင်းကို ကျွန်တော့်အကြောင်း သိစေချင်တဲ့သူတွေကို ဖတ်စေချင်တာရယ်၊ ရိုးရာယဉ်ကျေးမှုကို သိမီတဲ့သူတွေကို မမေးမစမ်းဘဲ ကိုယ်ထင်တာလုပ်ကြရင် မတရားမှုတွေ ဖြစ်လာပြီး ရိုးရာကို အဆိပ်ခတ်သလို ဖြစ်တတ်တဲ့အကြောင်း အသိပေးလိုတာရယ်၊ မတော်တဆများ 'သူ'ကိုယ်တိုင် ပြန်ဖတ်မိခဲ့ရင် သူ့ကို ကျနော် ဘယ်လိုချစ်တာဆိုတာလေး သိစေချင် တာရယ် ဒါတွေပါပဲ။

# ကြယ်ကြွေ

Moonch052

**ကြည်**နူးတယ်ဆိုတာ ဒါကိုပြောတာ ဖြစ်မယ်။ ဟုတ်တယ်။ အခု ကျွန်တော် ကြည်နူးနေတယ်။ ကိုယ်နေချင်တဲ့သူအနား နေရတဲ့ဖီလင်ပေါ့။ နွေး ထွေးတယ်။ လုံခြုံတယ်။ ဘာမှမလိုတော့သလိုလည်း ခံစားတယ်။ အရမ်းကြီးမရင်းနှီးတဲ့သူဆိုရင်တော့ ရင်ဘတ်က ဝုန်းဒိုင်းကြဲခုန် နေလောက်ငဲ့။ အခုဟာက ငယ်ငယ်ကတည်းက သိလာတဲ့လူကြီးဆိုတော့ လည်း ဘယ်ဘက် ရင်ဘတ်အောက်နားလေးက ဆိုင်ကယ် ဆစ်ဂနယ် မီးပြသလို မှိတ်တုတ်မှိတ်တုတ်နဲ့ တုန်နေတာလောက်လေးပဲဖြစ်တယ်။

ဘယ်လိုပဲဖြစ်ဖြစ် ပျော်ပါတယ်။ လူအများကြီး ရှိတဲ့အထဲ သူက ထူးထူးဆန်းဆန်း ကျွန်တော့်ဆီကိုပဲလာပြီး အဖော်ပြုပေးနေတာလေ။ ဖြစ်ချင်တော့ တလလုံးနီးနီး ဆန်ဆေးရေလို ဖြူညစ်ညစ်နဲ့ အုံ့မှိုင်းနေတဲ့ ရာသီဥတုက ဒီညနေစောင်းမှာ တိမ်တွေစင်ပြီး ပွင့်လင်းလာရော။ ကောင်းကင်က ကြယ်တွေကိုလည်း မမြင်စဖူး ပြန်မြင်ရတယ်။ ဖြစ်တောင့်ဖြစ်ခဲ အခြေအနေနှစ်ခုကို တပြိုင်နက်ရရှိ သာယာမိနေပြီး ကျွန်တော် ဒီအခိုက်အတန့်လေးကို ပြီးသွားမှာ စိုးလာတယ်။

သူက ကျွန်တော့်ရဲ့ childhood crush လို့ ပြောရမယ်။ 'ပြည်သူ့တရားရှင်' ဆိုတဲ့ ကိုးနာရီဇာတ်လမ်းတွဲထဲက မင်းသား ကိုယ်ရံတော်'ကျန်ကျောင်း'ကို ကျွန်တော်တို့ 90 ဖွားတွေ ကျားကျားမမ အကုန်ခွက်ရှဲခဲ့ဖူးကြသလိုပေါ့။ ငယ်ချစ်ဦးလို့လည်း ဆိုလို့ရမလား။ ကိုယ်တွေရွာက ရှုပါခန့်ခန့် ဗလကောင်းကောင်းနဲ့ လူငယ်တွေက အပျိုတွေကြားတင် ရေပန်းစားတာ မဟုတ်ဘဲ ကျွန်တော်တို့ကလေးတွေရဲ့ ဟီးရိုးတွေလည်း ဖြစ်ခဲ့ကြပါတယ်။ ငယ်ဘဝရဲ့ လွှမ်းမိုးမှုက အားကြီးတယ်။ အရွယ်ရောက်လာပြီး တစ်နယ်တစ်ကျေးရောက်တော့လည်း ငယ်ငယ်က အားကျရတဲ့သူတွေနဲ့ ဆင်တူတဲ့သူတွေကိုမှပဲ ကြိုက်မိတော့တယ်။ အခုက ရွာကို ပြန်ရောက်ပြီး တကယ့်အစစ်ကို ပြန်တွေ့ရတာလေ။

ယောက်ျားချင်းကြီး ကြိုက်နေတာလား ဆိုတော့ ဟုတ်လည်းဟုတ်တယ်။ ဟုတ်လည်းမဟုတ်ပါဘူး။ သူ့အနားနေရရင် ပျော်တာက ဟုတ်တယ်။ ဒါပေမယ့် သူ့ကို ရည်းစားလို ချစ်သူလို တွဲဖို့ကျ စဉ်းစားကြည့်လို့ကို မရဘူး။ မြင်ယောင်ကြည့်လိုက်တာနဲ့ ကမ္ဘာကြီးပျက်တော့ မလိုလို ခံစားရပြီး ရင်ဘတ်ရဲ့ဟိုးအထဲကို လက်အေးကြီးနဲ့ နှိုက်ခံရသလို အေးတိအေးစက် ဟာတာတာကြီးရယ်။ ကိုယ့်ရဲ့လိင်တူချစ်စိတ်က တခါတလေ ပုံစံမပျက်မီးကျွမ်း ထားတဲ့ ထင်းတုံးတစ်တုံး လိုပဲ။ သွားကိုင်ကြည့်လိုက် တာနဲ့ ပြာတွေပဲ ထိမိနေတာမျိုး။ LGBTQ ဆိုတဲ့ သက်တန့်ရောင်ခေါင်းစဉ်အောက်မှာ ကျွန်တော့်ရဲ့လိင် စိတ်အတွက် နာမည်တမျိုးမျိုးတော့ ရှိနေမှာပါ။ ခုထိတော့ ကျွန်တော့်ကိုယ်ကျွန်တော်လည်း ဘာမှန်းမသိ သေးပါ။ သူ့ကို ကျွန်တော် ခင်တယ်။ ဒီလိုပဲ ပြောကြပါစို့။ ကျွန်တော်က introvert တစ်ယောက် ဖြစ်လို့ လူတိုင်းကို မခင်တတ်တော့ ခင်မိတဲ့သူတစ်ယောက်ကိုတခြား သူတွေကိုခင်မယ့် အခင်တွေကိုပါ ပေါင်းပြီး ပုံအောပစ်ခင်မိလိုက်တာလည်း ဖြစ်နိုင်ပါတယ်။ ချစ်တယ်ဆိုလည်း ဟုတ်တယ်။ ခင်တယ်ဆိုလည်း ဟုတ်တယ်။

'ဟိုးမှာ ကြည့်စမ်း' ဆိုပြီး သူ ကျွန်တော် နောက်ကျော ဘက်ကနေ ကျွန်တော့်ရဲ့ ညာပခုံးကို ကိုင်၊ သူ့ရဲ့ ဘယ်ဘက်လက်မောင်းနဲ့ ကျွန်တော့်ဘယ်ဘက် နားရွက် ကိုထိပြီး ညရဲ့ကြည်လင်နေတဲ့ မိုးကုပ်စက်ဝန်း တနေရာ ကို လက်ညှိုးထိုးပြနေပါတယ်။ ရုတ်တရက် သူပြတာကို ကျွန်တော်မမြင်။ နောက်ကနေသိုင်းဖက်ခံထားရသလို ရှိတဲ့ ဒီအနေအထားအပေါ် ကျွန်တော့်ရဲ့ ခံစားချက်ကို ကျွန်တော် ဘာသာပြန်မိနေတယ်။ ရင်ခုန်သံကတော့ ပိုပြီးမြန်မသွားပါဘူး။ အထိအတွေ့ကို သာယာနေမိတာ မဟုတ်ဘဲ သူနဲ့ကိုယ်ကြားက ပိုတိုးလာတဲ့ နီးကပ်မှုကို ကျွန်တော် သဘောကျနေတာ ဖြစ်နေတယ်။ ဒီထက်ပိုနီး ကပ်တဲ့ အနေအထားဆိုရင်ကော...။ 'ဒရုန်း(drone) ပျံနေတာ မဟုတ်လား' လို့ သူမေးခါမှ ကျွန်တော် သူပြတာကို မြင်တယ်။

အနီအဝါ မီးရောင် မှိတ်တချီလင်းတလှည့်နဲ့ ကြယ်တွေ ကြားမှာ ဆိုတာထက် ကြယ်တွေကိုနောက်ခံပြီး အနောက် ဘက်အရပ်ကို ပျံနေတဲ့ အရာလေး။ ဟိုးခပ်ဝေးဝေးမှာ။ ဘယ်လောက်ဝေးသလဲဆိုတာကိုတော့ ညဖြစ်နေတော့ ခန့်မှန်းရ ခက်နေတယ်။ တစ်ခုတည်း မဟုတ်ဘဲ သေချာ ကြည့်တော့မှ သုံးခုဖြစ်နေတယ်။ ပိုဝေးတဲ့နေရာတွေကနေ အရှေ့ဘက်ပျံနေတာက တစ်ခု၊ အနောက်ဘက်ကိုပဲ ပျံနေတာက တစ်ခု။

'ဒါ ဒရုန်းမဟုတ်ပါဘူး။ လေယာဉ်ပျံတွေပါ။ ခေတ်ကောင်းတုန်းက သတိမထားမိဘဲ အခု စစ်ပွဲတွေဖြစ်ခါကျမှ လူတွေ သတိထားပြီး ကြည့်လာကြလို့ မြင်လာကြတာပါ။ တောင်အမြင့်ပေါ်ကနေ ဆိုတော့ ဟိုးအဝေးက ပုံမှန်အတိုင်းပျံနေတဲ့ လေယာဉ်တွေကို ဘယ်ချိန်ဖြစ်ဖြစ် ဂရုတစိုက်ကြည့်ရင် ဒီလိုပဲ မြင်ရမှာပါ။ ဒရုန်းဆိုရင် တသမတ်တည်း ရွေ့မသွားဘဲ ရပ်လိုက်သွားလိုက်နဲ့ ဝဲနေမှာ။ နောက်ပြီးတော့ ဒရုန်းက အဝေးကြီးပျံလို့မရဘူး။ အဝေးကြီးကို လွှတ်လို့မရဘူးတော့လည်း မဟုတ်ဘူး။ ရတယ်။ ဒါပေမယ့် လွှတ်တဲ့နေရာဆီ ပြန်လာဖို့ ဘတ္တရီအားက လိုသေးတယ်။ ပန်ကာလေးလက်ကို လည်ရတဲ့အားအတွက် ဘတ္တရီက ပါဝါဘန့်တစ်လုံးစာတောင်မရှိဘူးလေ။ တကယ်လို့ ဒရုန်းအစစ်အမှန်သာ တဝီဝီအသံကြားရပြီး ရွာပေါ်မှာ ဝဲနေရင် အဲဒါ လွှတ်တဲ့သူလည်း သိပ်မဝေးတဲ့နေရာကို ရောက်နေပြီ ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။ ဒီလိုမှိတ်တုတ်မှိတ်တုတ်နဲ့ ပိုးစုန်းကြူးလိုဟာလေး ကောင်းကင်ပေါ်မြင်ရင် ဒရုန်းဆို အသံကြားရလိမ့်မယ်။ လေယာဉ်ဆိုရင် ဟိုးအဝေးကဟာမှ ဒီလိုသေးသေးလေး မြင်ရမှာမို့အသံကြားရမှာမဟုတ်ဘူး။' စသဖြင့်.. လေယာဉ်ပျံကို ဒရုန်းမှတ်ပြီး လာပြောတဲ့သူတိုင်းကို ကျွန်တော် ရှင်းပြနေကျပါပဲ။ သူ့ကိုတော့ အဲဒါ လေယာဉ်ပါ လို့ပဲ ရိုးရိုးရှင်းရှင်း ပြောပြလိုက်တယ်။ အရှည်ကြီးရှင်းပြရအောင်လည်း သူက ဉာဏ်မီမယ်မထင်။

ခဏနေကျတော့ ဟောဟိုမှာ ပျံလာပြန်ပြီ ဆိုလက်ညှိုးထိုးပြပြန်ရော။ ဒရုန်းမဟုတ်ပါဘူး လို့ ပြောတဲ့ကျွန်တော့်ကို မယုံတာလား။ ဒါမှမဟုတ် နောက်ကနေ သိုင်းဖက်လိုက်သလို ရှိတဲ့ အထိအတွေ့ကို သာယာနေတာ ကျွန်တော်ပဲ မဟုတ်ဘူးထင်ရဲ့။ ဒီတခါကတော့ သူ့ကို နည်းနည်းရှင်းပြလိုက်တယ်။ နည်းနည်း ထပ်ကြာတော့ နောက်တစ်စီးကို ထပ်ပြပြန်ရော။ ဟုတ်တော့ ဟုတ်နေပါပြီ။ တစ်ခြားသူဆိုရင်တော့ ကျွန်တော် စိတ်မရှည်မိမှာ မှန်ပေမယ့် သူနဲ့အတူ ဒီလို ကြယ်ကြည့်ရတာ ပျော်ဖို့ကောင်းသား။

ကျွန်တော်တို့မိုးမြင်လေမြင်အကြည်ဆိုက်နေတုန်း မှာပဲ ရိုးရာတီးဝိုင်းရဲ့ မောင်းသံမြိုင်မြိုင်ကြားက 'ပေား' အော်သံကြီး ပေါက်ထွက်လာပြီး နားစည်ကိုလာရိုက် ခတ်တယ်။ အိမ်ထဲကိုလှမ်းကြည့်တော့ ရိုးရာမောင်း တီးဝိုင်းအလယ်မှာ ညာသံပေးပြီး ရိုးရာအကကနေတဲ့ အမျိုးသားတစ်ယောက်ကို တွေ့နေရတယ်။ လူတွေက အိမ်ထဲမှာလည်း အပြည့်။ ဝရံတာမှာလည်း အလျှံ။ မီးဖိုခန်းထဲမှာလည်း ခြေချစရာမရှိ။ အိမ်အပြင်ဘက် တာလပတ်စကြီးသုံးစ အဖီဆွဲတဲထိုး(မဏ္ဍာပ်ထိုး) ထားတဲ့အောက်မှာလည်း မိုးတိုးမတ်တပ်နဲ့တချို့။ ဝက်သားနဲ့ နွားနောက်သားတွေ ချက်ထားတဲ့ မိုးဖြဲဒယ်ကြီးတွေအနား မီးလှုံတဲ့သူတွေကလှုံလို့။ မိုးကာတဲအလယ်က VIP အတွက်ထားတဲ့ စားပွဲမှာ တော့ ထိုင်ချင်တဲ့သူတွေ ထိုင်နေကြတာပါပဲ။ အကုန်လုံးက ဗွီအိုင်ဗွီတွေပဲဟာ။ ပွဲက ပျော်ပွဲရွှင်ပွဲတော့ မဟုတ်ပါ။ အသုဘအခမ်းအနား။ ဒုတိယည။ (ကျွန်တော်ရေးတင်ခဲ့ အဲရိတ်ထရော်မာ –၂ ဆိုတဲ့ ပို့စ် ထဲက သေးပေါက်သံကို လေယာဉ်သံမှတ်လို့ ဗုံးခိုကျင်းထဲ ဝင်ပြေးတဲ့အဖွား ကွယ်လွန်တာပါ။)

ကျွန်တော်က လူထူတဲ့နေရာ မနေတတ်လို့ အိမ်ရှေ့လူရှင်းတဲ့တနေရာမှာ တစ်ယောက်တည်း လက်ပိုက်ပြီးရပ်နေတာ။ အဲဒီမှာ သူက အဖော်လာပြု ပေးတာပါ။ သူက လူထူထူရှိတဲ့နေရာမှာပဲ ပျော်တတ်တဲ့ Extrovert တစ်ယောက်။ အရင်ရှိဖူးတဲ့ပွဲတွေတုန်းက တခါမှဒီလို ကျွန်တော့်ကို သူ ဂရုမထားဖူးပါဘူး။ ဒီတခေါက် ကျမှ ဘယ်လိုဖြစ်လဲမသိ။ ထူးတော့ထူးသား။ စကား နည်းတဲ့ကျွန်တော့်ကို သူ စကားမရှိစကားရှာ ပြောပေး နေတယ်။ သူမသိဘဲ ကျွန်တော်သိတဲ့အရာကို ကျွန်တော့်ကို မေးတယ်။ ကျွန်တော်ကလည်း သူပိုသိမယ့် ရွာအကြောင်း၊ အမျိုးတွေအကြောင်း၊ ရိုးရာအကြောင်း စတာတွေ ပြန်မေးတယ်။ သူက talkative (စကားများသူ) ဖြစ်ပေမယ့် ကျွန်တော်နဲ့ဆို ရှိုးတိုးရှန့်တန့်ဖြစ်တာ သတိပြုမိတယ်။ ဗကာ၊ ပညာတတ် ဆိုတဲ့အရှိန်နဲ့ ကျွန်တော့်ကို သူများတွေရှိန်သလို ရှိန်တာပဲဖြစ်ပါမယ်။ ကျွန်တော်က စကားနည်း၊ သူကရှိန်ဆိုတော့ နှစ်ယောက် သား မတ်တပ်ကြီးနဲ့ ငြိမ်နေကြတာက ပိုများပါတယ်။ သူက လေယာဉ်ပျံကို ဒရုန်းဆိုပြီး သုံးခါလောက် လက်ညှိုး ထိုးပြရတာပဲ ကြည့်တော့လေ။

မောင်းတီးဝိုင်းအလယ်မှာ ခါးထောက်ပြီး လှည့်ကရတဲ့ရိုးရာအကကို ကျွန်တော်မကတတ်ပါ။ မကတတ်ဘူးဆိုတာထက် ငယ်ငယ်ကတည်းက သဘောမကျလို့ ကကိုမကဖူးခဲ့တာပါ။ ခားပလိုင်း ပါရင်တော့ ခားကိုကိုင်ပြီး ခားရေးပြရတယ်။ မပြချင် လည်း ခားကိုပလိုင်းထဲကမထုတ်ဘဲ ပလိုင်းကိုကိုင်ပြီး ခါးထောက်ကသလိုပဲ ကလို့ရပါတယ်။ ခြေထောက် ခတ်တာတွေ၊ ကိုယ်ယို့ပြီး အရှောင်အတိမ်းလုပ်ပြတာ တွေက တချို့တလေကတတ်သူတွေ ကရင် ကြည့် ကောင်းပါတယ်။ နှစ်ယောက်တွဲ ခားနဲ့ကတာမျိုးဆို ရင်တဖိုဖိုနဲ့ ကြည့်ခဲ့ဖူးပါတယ်။ သဘောကျလား ဆိုတော့ မကျပါဘူး။ အရမ်း Alpha male ဆန်လို့၊ ဖိုဝါဒီဆန်လို့ ဖြစ်မယ်ထင်တယ်။

'အဲဒီလိုကတာကတော့ခေါင်းမမူးဘဲနဲ့ကမရဘူး ထင်တယ်နော်' လို့ ကျွန်တော် သူ့ကိုပြောတော့ သူက 'မဟုတ်ဘူးဟ..က ရင်းနဲ့ မူးသွားကြတာ' လို့ အားရပါးရပြောပြီး ရယ်နေတယ်။ ကနေတဲ့သူကို လှမ်းကြည့်ရင်း ကျွန်တော် ရယ်ဟဟနဲ့ ထပ်ပြော လိုက်တယ်။ 'ရှေးတုန်းက အဘိုးတွေခေတ်ဆို "ခြိပ္ပမ်" (အတွင်းခံသာသာရှိတဲ့ ဘောင်းဘီ) ဝတ်ပြီး က ကြမှာပဲ၊ ကြည့်ကောင်းမယ်နော်' လို့။ ဒါကိုတော့ သူ ဘာမှ ပြန်မဖြေဘူး။

အဆင်ပြေနေပြီဆို အနှောင့်အယှက်က တန်းပေါ်တာပဲ။ အညာဘက်တွေမှာ အလှူပွဲရှိရင် 'လက်တို့ပွဲ'ဆိုတာ ရှိတယ်လို့ ဖတ်ဖူးတယ်။ အများစား သလို ရှန်းရှန်းစုစုမစားရဘဲ အလှူရှင်က အိမ်ထဲ သီးသန့်ခေါ်ကျွေးတဲ့ဟာမျိုး။ ခုဒီမှာ အိမ်ထဲအိမ်ပြင် ကြိတ်ကြိတ်တိုးနေတဲ့ လူတွေအတွက် ခေါင်က သိပ်မလောက်ချင်။ ညလုံးကျွတ် မအိပ်ဘဲစောင့်ကြ မယ့်သူတွေချည်း။ သောက်ပြီးမူးပြီး တီးကြကကြ၊ ရန်ဖြစ်ကြ ဖျန်ဖြေကြနဲ့ ပွဲဆူမှ အဆင်ပြေတာရယ်။ ခေါင်ကမလောက်ဘူး ဆိုတာထက် alcohol ပြေသွားတဲ့၊ ဦးရေမဟုတ်တဲ့ခေါင်ရည်တွေကတော့ သောက်ရတာ ပေါ့လေ။ အဲဒါက သောက်ရင် သေးချည်းခဏခဏ ပေါက်ရတာပဲ ရှိတယ်။ မမူး။ အခု သူ့ကို တစ်ယောက်က လက်တို့ပွဲလာခေါ်သွားတယ်။ အနီးနားက သူ့အိမ်မှာ နှစ်ယောက်သုံးယောက်တည်း ခေါင်တစ်အိုး ဝိုင်းသောက် ကြမယ်ပေါ့။ မတ်တပ်ရပ်နေတာလည်း ကြာလို့ ခြေ ထောက်ညောင်းလာတာလည်း ပါမယ်။ ခေါ်တဲ့နောက်ကို သူ မဆိုင်းမတွ လိုက်သွားပါတယ်။ ကျွန်တော့်လက်ကို ဆွဲပြီး။

ကျွန်တော်က သွေးတိုးရှိတယ်။ မူးရင် ခေါင်းကိုက် တတ်တယ်။ အဲဒီထက်မူးရင် ဘယ်သူမှ နှစ်ခါပြန် မမြင်ယောင်ချင်လောက်တဲ့ ပေါက်တတ်ကရ လုပ်ရပ်တွေ ကျူးလွန်တတ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် မသောက်ပါ။ ဒါပေမယ့် ခု သူခေါ်ရာနောက်ကိုတော့ နှစ်ခါမငြင်းဘဲ လိုက်သွားမိတယ်။

ကျွန်တော်နဲ့ဆို လေးယောက်ရှိတဲ့ ခေါင်ဝိုင်း။ တလှည့်စီခေါင်စုပ်ကြရင်း စကားပြောကြတယ်။ တော်လှန်ရေးနဲ့ပတ်သက်တာ များတယ်။ ကျွန်တော်က တော့ ထုံးစံအတိုင်း နားထောင်သူသက်သက်။

အဲဒီမှာ သူက သူ့သားအကြောင်းပြောလာတော့ ကျွန်တော် ဝင်လျှာရှည်လိုက်မိတယ်။ ကလေးဝါသနာပါ တာကို လုပ်ခွင့်ပေးဖို့။ ဝါသနာပါတာ မလုပ်ရင် လူက ရှင်တာနဲ့သေတာ အတူတူပဲ လို့။ ကလေးက သူတို့ အရွယ်တွေ လေးစားအားကျစရာလို့ထင်တဲ့အလုပ် လုပ်နေကြချိန် သူက မျက်နှာငယ်နေရမပေါ့။ အား ကစားလည်းဝါသနာထုံပြီး ကျန်းမာသန်းစွမ်းတဲ့သူ။



> 'ကျွန်တော်တို့ အဖိုးတွေခေတ်က
> ဒီလိုအနေအထားနဲ့ ကကြရတာ။
> ဒါမိန်းမတွေကြည့်ဖို့ပဲ မဟုတ်ဘူးလား။
> ခုဟာက ယောကျ်ားတွေပဲကပြီး
> ယောကျ်ားတွေပဲ ကြည့်နေတာ ဘာလဲ..။
> ခင်ဗျားတို့က အခြောက်တွေလား'

အသက်ကလည်းပြည့်ပြီ။ လက်နက်ကိုင်တော်လှန်ရေး ထဲ သူ့သူငယ်ချင်းတွေနဲ့ ပါချင်ရှာတာပေါ့။ သူ့အမေက သူသေမှာစိုးလို့ ခွင့်မပြုပေးပေမယ့် ဝါသနာပါရာမ လုပ်ရတော့ နေနေရတာ ရှင်တာနဲ့ဘယ်တူပ့ါမလဲ။ စသဖြင့် ပြောပြနားချရတယ်။

အိမ်း...စပြီ။ ဒဿနတွေ၊ ဆရာလုပ်ချင်တဲ့ ဗီဇတွေ။ စဆို ခေါင်စုပ်တာက အပတ်ပေါင်း ဆယ် ပတ်ကျော်ပြီကိုး။ မျက်နှာက ထုံတုံတုံ အမ်းတမ်းတမ်း ဖြစ်လာပြီ။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ်တော့ မမူးသေးဘူးလို့ ထင်ဆဲ။

ပွဲရှိရာကို ပြန်ဖို့ ထလာကြတော့ အိမ်အပြင် ရောက်တာနဲ့ သူ့ကို သေးပေါက်ဦး လို့ သတိပေးရတယ်။ သူကလည်း ဟုတ်ပ ဆို အမှောင်ထဲ တိုးဝင်ပြီး လမ်းဘေးဆင်းပြီး လေးဘမ်းလိုက်တယ်။ အဲဒီ လို..အဲဒီလို..မူးပြီဆို ဖအေဆိုဒ်ပေါက်တော့တာပဲ ကျုပ်နှယ်။ တကယ်က သူဟာသူပေါက်ချင်ပေါက် မပေါက်ချင်နေ ကိုယ်နဲ့ဘာဆိုင်တာကျလို့။ အဲဒီအချိန် သူ့သားလေးက ဆိုင်ကယ်နဲ့လာပြီး သူတို့မိသားစု အနေနဲ့ ပွဲအတွက်ထမ်းလာတဲ့ခေါင်အိုး စိမ်ထားတာ အသင့်ဖြစ်နေပြီ၊ ပြန်လာဖို့ သူ့အဖေကို လာပြောတာ။ ပွဲအိမ်ကို ပြန်တဲ့လမ်းတလျှောက် ကျွန်တော့်ကို မလွှတ်တမ်း ခါးဖက်လိုက်ပခုံးဖက်လိုက်နဲ့ သူ ပြန်လိုက်လာတယ်။ သူလည်း မူးနေပြီပဲ။ နာရီကြည့်တော့ မနက် နှစ်နာရီ ထိုးတော့မယ်။

ခေါင်အိုးက အရည်ထုတ်ပြီး အိုးတစ်အိုးထဲ သပ်သပ်ထည့်ထားပြီးပြီ။ တိုက်ချင်တဲ့သူကို ခေါ်တိုက် ဖို့ပဲ ကျန်တော့တယ်။ အိမ်ပေါ်ကို မတက်ခင် ခွေးကတက် မှာ ချွတ်ထားတဲ့ဖိနပ်တွေ အများကြီးကြား သူ ဖိနပ် ချွတ်လိုက်တယ်။ သူ့ဖိနပ်ကိုယူပြီး ခပ်လှမ်းလှမ်းက ပန်းချုံနား ဝှက်ထားပေးလိုက်တယ်။ ပျောက်တတ် တယ်လေ။ လုပ်ပြန်ပြီ ကြည့်။ ကိုယ့်ဖိနပ်ကိုကျ စိတ်မပူဘဲနဲ့။ စေတနာတွေ ဒီလောက် ယိုစီးကျနေ တာကို ကြည့်ရင် ဘယ်လောက်ထိ ရေချိန်တက်ပြီလဲ ကိုယ့်ကိုယ်ကိုယ် သိလိုက်သင့်တယ်။

ဘယ်လောက်ပဲ ခင်တယ်ပြောပြော သူ့အနား နာရီအတော်များများ အတူကပ်နေရတော့ ခဏတော့ ခွာချင်သေးတယ်။ သူကတော့ သူနဲ့အတူတူ ခေါင်အိုး နားထိုင်ဖို့ ခေါ်သေးသား။ ဟုတ်ကဲ့ တချက် ပြောပြီး မီးဖိုခန်းထဲ ဝင်သွားလိုက်တယ်။ ခေါင်အိုးကို တခါးဝနားမှာပဲဆိုတော့ သူ့ကို လှမ်းမြင်နေရတုန်း။ သူ့ညီမနဲ့အတူ ဧည့်သည်တွေ ခေါ်ပြီး ခေါင်တိုက်နေ ကြတယ်။ ကွယ်လွန်သူက သူ့အဖေရဲ့ ညီမ အရင်း။

မီးဖိုခန်းမှာ အိပ်နေတဲ့လူတွေကြား ဒူးပေါ် မျက်နှာအပ်ပြီး မှောက်အိပ်နေတဲ့ အမျိုးသမီးတစ် ယောက်ကို ကျွန်တော် နားရင်းလှမ်းအုပ်လိုက်တယ်။ ဘေးကကြည့်နေတဲ့သူတွေ ရယ်ကြတယ်။ နားရင်းအုပ် ခံရတဲ့ အမျိုးသမီးက ကျွန်တော့်ကို ထကြည့်ပြီး 'ဟာ...အိပ်ချင်တယ်' ဆိုပြီး ပြန်မှောက်မယ်လုပ်တယ်။ ကျွန်တော် သူ့ကို နားရွက်ဆွဲပြီး ခေါင်းပြန်ထောင်ခိုင်း လိုက်တယ်။ 'နင့်အမေအသုဘမှာ နင်အိပ်နေလို့ ရမလား' လို့ သူ့ကို ကျနော် ဆူပြောပြောလိုက်တယ်။ 'ဟဲ့ ငါ အမေဖျားတုန်းကတည်းက အိပ်ရေးပျက်...' သူ့စကားမဆုံးခင် ကျနော်က 'သောက်ပိုတွေပြောမနေနဲ့ နင့်အကြောင်းငါမသိတာကျလို့..ထ' ဆို ငေါက်လိုက် တယ်။ သူက တကယ်ကိုပဲ ဂျပိုးကိုလိပ်ဖြစ်အောင် ပြောတတ်သူ။ ပထမညမှာ သူ သူ့အမေကို ဘယ်လိုပြု စုခဲ့ကြောင်း၊ သူ့ချွေးမတွေက အမေ့ကိုဘာမှဂရုမ စိုက်ကြောင်း လာတဲ့ဧည့်သည်တွေကို ပြောင်းပြန်တရား တွေ ဟောခဲ့တယ်ဆိုတာ ကျွန်တော် ပြန်ကြားပြီးသား။ ငါ့လာမလုပ်နဲ့ ဆို ပိတ်ဟောက်ထားလိုက်တာ။ မအိပ် နဲ့တော့ ဆိုပြီး ကျွန်တော့်အနား သူ့ကို ဆွဲထိုင်ခိုင်းပြီး ဇက်ကြောအသာဆွဲပေး ကုပ်ပိုးနှိပ်ပေးလိုက်တယ်။ အမလေးကောင်းလိုက်တာ လုပ်လုပ်ဆိုပဲ မသာမက။ သူနဲ့ ကျွန်တော်က ဒီရွာမှာ သူငယ်တန်းအတူတက်ခဲ့ ကြဖူး တဲ့ ကျောင်းနေဖက် ငယ်သူငယ်ချင်းတွေ။

တယောက်ယောက် ကြည့်နေသလို ခံစားရလို့ တခါးဝဘက်ကို ကြည့်တော့ ဆရာသမားက ကျနော်တို့ ကို မပြုံးမရယ်မျက်နှာနဲ့ လှမ်းကြည့်နေတာပဲ။

သူ့ဆီကို ပြန်သွားလိုက်တယ်။ ခေါင်ရည်အိုးကို ကြည့်တော့ ခေါင်က တဝက်မက ကျန်သေးတယ်။ လူတွေက သိပ်မရှိတော့။ အိပ်တဲ့သူနဲ့ ပြန်တဲ့သူနဲ့။ ကျန်ခဲ့တာက စကားဝိုင်းဖွဲ့သူတွေနဲ့ တီးဝိုင်းအဖွဲ့နဲ့... အင်း ဖဲဝိုင်းအဖွဲ့။ ဖဲဝိုင်းက တဖက်အိမ်မှာ။ သုံးဝိုင်းတောင်ရှိတယ်။ အခုနက သေးပေါက်သွားရင်း ဝင်ကြည့်ခဲ့သေးတယ်။ လူများချက်။ သူ့ကို ကျွန်တော် အကြံပေးတယ်။ လူခေါ်ပြီး တိုက်မယ့်အစား ကျွန်တော် ခေါင်ရည်အိုးမပေးမယ်။ လိုက်တိုက်ရအောင် ပေ့ါ။ သူက လက်မခံ။ လာကြပါလိမ့်မယ် တဲ့။ တော်တော်ကြာစောင့် ပြီးတဲ့ထိ ဘယ်သူမှ မလာတဲ့အဆုံးမှာ သူ ကျွန်တော် အကြံ ကို လက်ခံလိုက်တယ်။

ဖဲဝိုင်းဆီရောက်ကြတော့ သူ့သားက ဝိုင်းတဝိုင်းထဲ အကျအနထိုင်လို့။ သူ ဘာမှတော့ မပြော။ တီးဝိုင်းကိုတော့ ခေါင်တိုက်ဖို့က သူ အစောကတည်းက အကြံရှိပြီးသား။ သူ ကချင်နေတာ။ ဘယ်သူမှ သူ့ကို လာမခေါ်လို့ တဲ့။ ဒါနဲ့ သူ့ခေါင်အိုးရရင် တီးဝိုင်းအဖွဲ့ကို တိုက်ပြီး ခေါင်တိုက်ထားတဲ့ မျက်နှာနဲ့ ဝင်ကမယ်ပေ့ါ။ အဲဒီမှာ သောက်တလွဲတွေ ဖြစ်သွားတာပါပဲ။ ခေါင်လိုက်တိုက် ကြရင်း သူကျွန်တော့်ကို တိုက်ခဲ့တာ လေးခွက် ငါးခွက်တော့ ရှိမယ်ထင်တယ်။ ကျွန်တော် အတော်မူးနေပြီ။

...

သူလည်း ဝင်ကပြီးသွားပြီ။ မနက်က သုံးနာရီ လောက်ရှိတော့မယ် ထင်ရဲ့။ အိပ်ချင်နေကြလောက်ပြီ။ တီးတဲ့သူတွေက ငိုက်တဲ့သူတော့ မရှိပါဘူး။ တီးဝိုင်းက သိပ်မမြိုင်သလိုပဲ။ တီးတာမှားသွားရင်လည်း ဘယ်သူမှလည်း မပြင်ကြဘူး။ မှားတာသိတဲ့သူကလည်း ဘယ်သူမှားတယ်မပြောဘဲ ခေါင်းပဲခါပြီး ဆက်တီး နေတယ်။ အသက်မပါလိုက်တာ။

ဒါ ပရိတ်သတ်မရှိလို့ပဲ။ ပရိတ်သတ်ဆိုတာထက် အမျိုးသမီးတွေ မတွေ့ရဘူး။ အမျိုးသမီးဆိုလို့ အခေါင်းထဲက အလောင်းပဲ ရှိတယ်။ ဒါအမျိုးသမီးတွေကို လူရာမသွင်းတဲ့ သဘောလား။ သူတို့သည်လည်း မိုးလင်းပေါက် ထိုင်ကြမယ့်သူတွေပဲ။ အပြင်ဝရံတာနဲ့ မီးဖိုထဲမှာပဲ ငိုက်မြည်းပြီး စကားပြောနေကြတယ်။ ဒါမဖြစ်သင့်ဘူး။ ဘာလို့ အမျိုးသမီးတွေကို ကန့်သတ်ခွဲ ခြားကြသလဲ ကျွန်တော် ဒီယောကျ်ားတွေကို မေးချင် နေတယ်။ မေးတော့မယ်။ ဒါပေမယ့် ကျွန်တော့်ဝသီအရ ရိုးရိုးတန်းတန်း မေးဖို့ စိတ်မကူးမိ။

'ကျွန်တော် တစ်ခုမေးစရာရှိတယ်' ဆို ဝိုင်းအလယ်ကို ထသွားလိုက်တယ်။ ထိုင်နေတာ အကောင်းသား ထသွားမှ မူးမှန်းသိတော့တယ်။ နည်းနည်းယိုင်မိသလား မမှတ်မိ။ 'ဘာကြောင့်

အမျိုးသမီးတွေ ဒီအခန်းထဲ မရှိရတာလဲ' မေးလိုက်တယ်။ ဂရုမစိုက်ဘဲမောင်းတီးတဲ့သူကတီးနေလို့ခဏလေးမတီးပါနဲ့ဦး တားရတယ်။ တစ်ယောက်တားရင် တစ်ယောက်က တီးပြန်ရော။ ထပ်တားတယ်။ တစ်ယောက်က ဖြေတယ်။ 'မိန်းမ တွေ က မောင်းတီးလို့မရဘူး' တဲ့။ ဒါ ကျနော်လိုချင်တဲ့ အဖြေမဟုတ်။ မောင်းတီးသံတသံ ထပ်ထွက်လာလို့ ကျွန်တော် ဝေ့ဝိုက်ကြည့်လိုက်တော့ ရပ်သွားတယ်။ ပိုမူးလာသလိုပဲ။ ကျွန်တော်မေးတာ နားမလည်ကြသေး ဘူး။ ချင်း လိုပြောလိုက်တာတော့ သေချာပါတယ်။ 'ဟိုးအရင် ဘိုးဘွားတွေခေတ်က မိန်းမတွေလည်း ကြည့်ရပါတယ်။ ခေတ်မီလာလို့ အခန်းတွေဘာတွေနဲ့ ဖြစ်လာလို့ မိန်းမတွေက ကြည့်မရတော့တာလား' လို့ ပြောလိုက်တယ် ထင်တာပဲ။ ဒီတခါတော့ ချင်းလို ပေမယ့် ဝေါဟာရအလွဲနဲ့ ပလုံးပထွေးဖြစ်နေတာ သတိပြုမိတယ်။ တစ်ယောက်က ထပ်ဖြေတယ်။ မိန်းမတွေက မောင်း မတီးတတ်ဘူးလေ' တဲ့။ ဖွ့ခ်!

အစီအစဉ်ထဲမှာတော့ ပါပြီးသားပဲ။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် ဘယ်ချိန်လုပ်လိုက်မှန်းမသိ။ ပုဆိုးနဲ့ အပေါ်အင်္ကျီက ဘေးမှာပုံနေပြီး ကျွန်တော့်ခါးမှာ အတွင်းခံတထည် ကပ်တော့တယ်။ အံ့ဩသံတွေ တချို့ထွက်လာတယ်။ အပြင်ကလူတွေပါ အာရုံစိုက်လာကြတယ်။ 'ကျွန်တော်တို့ အဖိုးတွေခေတ်က ဒီလိုအနေအထားနဲ့ ကကြရတာ။ ဒါမိန်းမတွေကြည့်ဖို့ပဲ မဟုတ်ဘူးလား။ ခုဟာက ယောကျ်ားတွေပဲကပြီး ယောကျ်ားတွေပဲ ကြည့်နေတာ ဘာလဲ..။ ခင်ဗျားတို့က အခြောက်တွေလား' ဆိုပြီး ကျွန်တော် ခပ်ပြင်းပြင်း တချက်လွှတ်လိုက်တယ်။ တီးဝိုင်းသမားတွေ ဟာ ဟင်တွေ ဖြစ်ကုန်ကြတယ်။ မီးရောင်အောက် တုံးလုံးရပ်နေတဲ့ ကျွန်တော့်ကို အပြင်ကနေ မြင်တဲ့ တစ်ယောက်က 'အဲဒီလူရူးနေတာလား' လို့ လှမ်းအော်တာလည်း ကြားလိုက်တယ်။ 'ကျွန်တော် ထပ်မေးမယ် ဒီအခန်းထဲ မိန်းမတွေ ဘာလို့မလာရတာလဲ၊ ခင်ဗျားတို့ မဖြေတတ်ရင် ကျွန်တော်ပြောမယ်' လို့ ကျွန်တော်ပြောတဲ့အချိန် ငြိမ်နေကြတယ်။ စဉ်းစားတဲ့သူက စဉ်းစား။ တယောက်နှစ်ယောက်ကတော့ စိတ်ပျက်တဲ့ အမူအရာနဲ့ ထထွက်သွားတယ်။

တီးဝိုင်းကို ဦးဆောင်ပြီး ကပြ တီးပြနေတဲ့ ဆံပင်ရှည်ရှည်နဲ့သူက အနုပညာသမားနဲ့တူတယ်။ ကျွန်တော် အနုပညာသမားတွေကို အမြဲလေးစားနေကျ။ သူကတော့ ဖြေနိုင်မယ်ထင်ပြီး 'ဟေး ခင်ဗျား ပြောကြည့်' လို့မေးတော့ သူ့ပါးစပ်ကနေလည်း ကျားမ ခွဲခြားတဲ့ gender discrimination စကားပဲ စိတ်ပျက်စရာ ထွက်ကျလာပြန်တယ်။ စိတ်တိုလာတော့ အခန်းအပြင် က အမျိုးသမီးတွေအကုန်လုံး အထဲဝင်လာဖို့ ကျွန်တော် အော်ခေါ်လိုက်တော့တယ်။ ဘယ်သူမှတော့ မလာသေး။ အဲဒီမှာ အမျိုးကောင်းသားတွေနဲ့ ကျွန်တော် အများနဲ့ တစ်ယောက် စကားများကြတော့တာပဲ။ သူတို့က အမျိုးသမီးတွေကို နှိမ့်ချတဲ့အသုံးတွေနဲ့ ပြောကြလေ ကျွန်တော်က စိတ်တိုလာလေ။ အဝတ်အစားကတော့ ဘယ်ချိန် ပြန်ဝတ်လိုက်သလဲ မသိ။ ပုဆိုးနဲ့ အပေါ်အင်္ကျီက ကျွန်တော့်ကိုယ်ပေါ်ကို ပြန်ရောက်လာကြပြီ။ စိတ်ပျက်လို့ ထပြန်တဲ့သူတွေအထဲ ကို ဆံရှည် ပါပါလာတော့ 'ဟေ့လူ ခင်ဗျား အနုပညာရှင်မစစ်ဘူး' ဆို ကျွန်တော် လှမ်းအော်လိုက် သေးတယ်။ ဘာဆိုင်လို့လဲ တော့ မတွေးတတ်။

တီးဝိုင်းထဲမှာ 'သူ' ရှိနေတုန်းပါပဲ။ သူ့ကို တော့ မသိမသာ အကဲခတ်ကြည့်ကြည့်မိပါတယ်။ ညဏ်မမီဘူးမှန်းတော့ သိပေမယ့် ဘယ်လိုတုံ့ပြန်မလဲ။ ဘယ်ဘက်ပါမလဲ ဆိုတာပေ့ါ။ ကျွန်တော့်ဘက် မပါတာ တော့ သေချာနေတယ်။

'အမျိုးသမီးအပေါင်းတို့ ဒီထဲကို ကြွပါ' ဆိုပြီး ကျွန်တော် ထပ်အော်လိုက်တော့ နှစ်ယောက်စသုံး ယောက်စ ရောက်လာကြပါတယ်။ မလာမချင်းအော် မှာမို့ ကလေးချီတဲ့သူရော အပျိုတွေရော အအိုတွေရော ထပ်ပြီး ဝင်လာကြတယ်။ ယောကျ်ားသားတွေ သူတို့ တီးတဲ့မောင်းတွေချထားပြီး ထွက်သွားကြတယ်။ အကုန်တော့ မဟုတ်သေး။ ကိုယ့်ဘာသာကိုယ်မပြန်ဘဲ ပြန်မယ်ကွာ ဆိုပြီး အဖော်ညှိသွားသူကရှိသေးတယ်။ မောင်းတီးဖို့ လူမစုံတော့တာတော့ အမှန်ဘဲ။ ဒါပေမယ့် ကျွန်တော်လုပ်တာ ကျွန်တော် တာဝန်ယူနိုင်တယ်။ လူသာ မူးတာ။ တာဝန်ယူမှုတာဝန်ခံမှုက မမူးသေးပါဘူး။ တမျိုးတော့ကောင်းသား။ အမျိုးသမီးတွေ ဝင်လာ ထိုင်တာကို ကန့်ကွက်မယ့်သူကတော့ မရှိတော့ဘူး။ ငြိမ်သွားသလိုပါပဲ။

အဲဒီမှာ တစ်ယောက်က နောက်ကနေ ထမေးတယ်။ 'ခင်ဗျား ကျွန်တော်တို့ ယောကျ်ားလေး တွေချည်း ရှိတုန်းကပဲ အဝတ်အစား ချွတ်ရဲတာ။ မိန်းမတွေ ရှေ့ ချွတ်ရဲသလား..အဲလိုပဲဗျ ကျွန်တော်တို့ လည်း..လည်း..'

သူ့စကား မဆုံးလိုက်ပါဘူး။ သူ့စကား ဘယ်ကို သွားချင်နေတာလည်း ကျွန်တော်သိတယ်။ ရှုံ့စရာကောင်းတဲ့စကား ထပ်မကြားချင်တော့လို့ နှစ်ခါမစဉ်းစားဘဲ (တခါမှတောင်မစဉ်းစားတာပါ) တွန့်ဆုတ်ခြင်းအလျင်းမရှိ ကျွန်တော်အဝတ်အစားတွေ ထပ်ချွတ်လိုက်ပါတယ်။ ဒီတခါ ဘောင်းဘီချွတ်တာမှာတော့ အတွင်းခံဘောင်းဘီကိုပါပါအောင် တမင်ချွတ်လိုက်တယ်။ နောက်ဘက်ကနေ ကြားရတဲ့ အာမေဋိတ်သံတွေကို ဂရုမပြုအားဘဲ အရှေ့က စိန်ခေါ်လိုက်တဲ့လူ ပါးစပ်ပိတ်သွားတာကိုပဲ စိုက်ကြည့်နေလိုက်တယ်။ သူလက်ကာပြပြီး ထိုင်ချလိုက်မှ ကျွန်တော်အဝတ်အစားရှိရာကို ပြန်လှည့်တော့ မောင်မင်းကြီးသားတစ်ယောက် တော်ရှာပါပေတယ်။ ဘယ်တုန်းကမှန်းမသိ နောက်ကနေ ပုဆိုးဖြန့်ပြီး လာကာပေးထားတယ်။

ကျွန်တော်အဝတ်အစား ပြန်ဝတ်ပြီးတဲ့ အချိန် ညနေစောင်းကနေ ခုချိန်ထိ ကျွန်တော်နဲ့အတူ ရှိနေပေးတဲ့'သူ'ကတော့ ဘယ်လိုမှ သီးမခံနိုင်တော့တဲ့ ပုံစံနဲ့ ထထွက်သွားပါတော့တယ်။ သူ့ဟာသူ အိပ်ချင်လာလို့လား၊ သေးထပေါက်ဖို့လားတော့ မသေချာပေမယ့် he left me in the middle of the foes for sure!။ (ငါ့ကို ရန်သူတွေကြားမှာ ထားခဲ့တာ တော့ အသေချာပဲ) လူက ထုံနေတာမို့ ဘယ်လိုမှတော့မခံစားရပါဘူး။

ကျွန်တော် လူတွေကို အလင်းပြချင်ရုံလေးပါ။ ဒီအဖို့ ကျွန်တော့်အရှက်ကိုလည်း မမှုဘဲ စွန့်ခဲ့တယ်။ ချစ်ရတဲ့သူတွေလည်း စွန့်ရမှာပဲ။ လောကမှာ လူတချို့ဟာ အများကောင်းကျိုးအတွက် စွန့်လွှတ်အနစ်နာခံဖို့ပဲ မွေးလာကြတာပါလား။ မျိုးကြီးဆိုသလို နေရောင်ခြည် မဟုတ်လည်း ကြယ်စင်လောက်တော့ လက်တစ်ကမ်း အဝေးကို တတ်စွမ်းသလောက် အလင်းပေးတဲ့သူတွေ ပေ့ါ။ (နေဆိုတာကလည်း အမှန်တော့ ကြယ်ပါပဲ။) ဒီလို အများအတွက်လူဖြစ်လာရသူတွေဟာ ကြယ်တွေပါလား ဆိုတဲ့ အတွေးလေးက ထူပူနေတဲ့ ကျွန်တော့်ထဲကို ဖြတ်ဝင်လာသေးတယ်။

ကြယ်ကြွေတယ် ဆိုတာ ကြယ်သေတာလား။ လူတွေကို နီးနီးကပ်ကပ် အလင်းပေးဖို့ မြေကြီးဆီကို ကြွေကျဆင်းသက်လာတာလား။ ဒါမှမဟုတ် ကြယ် ပွဲကြွေတာလား။ ဒါဆိုရင်တော့ ကြယ်ငိုတာပဲ ဖြစ်လိမ့်မယ်။

...

အဲဒီမှာ ရွာရဲ့တာဝန်ရှိတစ်ယောက်ရောက်လာပြီး ကျွန်တော့်ကို လာဖြောင့်ဖျတယ်။ အသုဘကို ဒီလိုပဲ ကျင်းပဖို့ စီစဉ်ပြီးသားပါ။ မပြောင်းပစ်ချင်ပါနဲ့..တဲ့။ ဘယ်သူက ဘယ်လိုတွေသွားတိုင်ပြီး ဘယ်လိုတွေ ကြားလာသလဲမသိ။

ဘာတွေလာပြောနေတာလဲ..နားမလည်ဘူး ဆိုတော့ သူက ထပ်ရှင်းပြတယ်။ ကျွန်တော်က ပြန်မေးလိုက် သူက ပြန်ရှင်းလိုက်နဲ့ ကြာတော့ ကျွန်တော်ကိုစကားပြော ရင်း သူတုန်နေတာကို သတိထားမိလာတယ်။ မကြောက် တော့တဲ့သူက ကြောက်စရာကောင်းတယ် ဆိုတဲ့စကား ရှိတယ်။ အခုတော့ မရှက်တော့တဲ့သူက ပိုကြောက်စရာ ကောင်းနေသလား မသိ။ တကယ်တော့ဖြင့် သူ့ဗလကြီးနဲ့ ကျွန်တော့်ကို ကိုင်ပေါက်ရင် ကျွန်တော် ခေါက်ကနဲခွေသွားမယ့်ဟာကို။

...

ကျွန်တော်ပြောတာကို အကုန်လုံးက လက်မခံတာ မဟုတ်ပါဘူး။ ကျွန်တော်ပြောတာ နားလည်လက်ခံသူ တချို့ ရှိပါတယ်။ မောင်းတီးမယ့်သူ မရှိတော့ လာတဲ့ အမျိုးသမီးတွေကို မောင်းတီးသင်ပေးဖို့ တစ်ယောက်ကို ခိုင်းလိုက်သေးတယ်။ အမိန့်သံပါတာက ဘယ်လိုမှ ထိန်းမရ။ ဒါပေမယ့် ဖဲဝိုင်းကလူတွေ ထလာပြီး လာတီးကြတော့ တီးဝိုင်းက ပြန်အသက်ဝင်လာတယ်။ နဂိုကထက် ပိုမြိုင်သွားတာကို ကြည့်ပြီး ကျွန်တော် ကျေနပ်နေမိတယ်။

တစ်ယောက်ယောက်က ကျွန်တော်ပုခုံးကို အသားလေးလာပုတ်လို့ လှည့်ကြည့်တော့ ဘွား တော်တစ်ယောက်။ 'မင်းမှန်ပါတယ်..အဒေါ်တို့တုန်းကဆို မောင်းတီးဖို့ လူလိုရင် မိန်းမတွေ ဝင်တီးရတာ..' ဆိုပဲ။ ကျွန်တော် ပြန်ပြောလိုက်တယ်။ 'သူတို့က ယောကျ်ားဖြစ်နေရုံနဲ့ မောင်းတီးတတ်မယ်လို့ ထင်နေကြတာ' လို့။ သိတဲ့တတ်တဲ့ အဒေါ်ပဲ တီးဝိုင်းကို ကြီးကြပ်ပေးပါ ဆိုပြီး 'ဟေ့လူတွေ ဒီမှာ တီးတတ်တဲ့သူ ရှိတယ်နော်၊ တီးကွက်မမှားစေနဲ့' ဆို လှမ်းအော် လိုက်တယ်။

...

တကယ်တော့ ကျွန်တော့်ကြောင့် ပွဲပျက်မသွားနိုင်သလို ကျွန်တော့်ကြောင့်လည်း ပွဲက ပိုမြိုင်သွားတာ မဟုတ်ပါဘူး။ အားလုံးက ဘယ်သူခေါ်လို့မှ ရောက်လာကြတာ မဟုတ်သလို ဘယ်သူခိုင်းလို့မှလည်း လုပ်နေကြတာ မဟုတ်ပါဘူး။ ရိုးရာအရ လူမှုရေးစိတ်နဲ့ လာဝိုင်းဝန်းပေးနေကြတာ။

ကျွန်တော် အိမ်သွားပြီး ဒေ့သည်တွေကိုတိုက်ဖို့ ဝိုင်ပြန်သွားယူမယ်လုပ်တော့ လိုက်လာပြီးတားတဲ့သူ ရှိတယ်။ သဘောက ဖင်ပြောင်ချွတ်ပြီး ကျားမတန်းတူရေးအသိပေးတာနဲ့တင် လုံလောက်ပါ ပြီပေ့ါ။ မူးပြီး စေတနာမလွန်ပါနဲ့ပေ့ါ။ သူ့ကို စိုက်ကြည့် ပြီး ကျွန်တော် ပြောလိုက်တယ်။ 'ခင်ဗျားတို့ယုံကြည်သူ တွေရဲ့ ပြဿနာက အဲဒါပဲဗျ။ ဘုရားမှပဲ သူမတူအောင် စွန့်လွှတ်အနစ်နာခံနိုင်မယ် ထင်နေကြတာ၊ အဲဒီလို စွန့်လွှတ်အနစ်နာခံနိုင်တဲ့သူ လောကမှာ အများကြီးပါ' လို့။ 'ကြယ်' တွေလို့တော့ ကဗျာဆန်ဆန် မပြောဖြစ် လိုက်ပါဘူး။

တကယ်တမ်းက ခေါင်တွေကုန်သွားရင် မိုးအလင်းစောင့်ပေးတဲ့သူတွေကို ကျွန်တော့်ဝိုင်ထုတ် တိုက်မယ်ဆိုပြီး ညနေကတည်းက စီစဉ်ထားပြီးသားပါ။

...

အလင်းပျို့လာပြီ။ အခေါင်းကို အိမ်ပြင် ထုတ်ရတော့မယ်။ ဒီတိုင်းထုတ်လို့မရ။ ရိုးရာထုံးတမ်းတွေ ရှိတယ်။ မီးဖိုကိုသွားပြီး 'ဟဲ့ကမ နင်က သမီးအကြီးဖြစ်ပြီး ထစမ်း ' ဆို သူငယ်ချင်းကို နှိုးတယ်။ နင်ဘာလုပ်မလဲ မေးတော့ သိဘူးဟယ်..တဲ့။ မသိရင် သိတဲ့သူကို မေးရတယ် ဆို သူကိုဆွဲခေါ်ပြီး နံရံမှီပြီး မှိန်းနေတဲ့ အဖွားတစ်ယောက်ကို ကျွန်တော် နှိုးပြီး မေးတယ်။ ဘာတွေလုပ်ရမလဲ ပေ့ါ။ အဖွားက သူ့အဖေကို နှိုးပါ၊ သူ့ဦးလေးကို သွားနှိုးပါ။ မိုးမလင်းခင် ဒေ့သည်တွေ စားဖို့ အပြီးချက်ရမယ်..စသဖြင့် ညွှန်ကြားပါတယ်။ ကျေးဇူးပါအဖွား ပြောပြီး ကျွန်တော် နှိုးသင့်တဲ့သူတွေ အကုန်လိုက်နှိုးတယ်။

တီးဝိုင်းက တီးလုံးပြောင်းပြီ။ တဒိန်းဒိန်းနဲ့ တူမီးသေနတ်ဖောက်သံတွေ နားအူမတတ်။ အခေါင်းကို အပြင်ထုတ်လာကြပြီ။

...

ပြန်သွားပြီး အိပ်ဖို့ လုပ်ကာမှ ဖိနပ်ပြဿနာ ပေါ်လာတယ်။ ဖိနပ်တစ်ဖက်က မရှိတော့။ မိုးစင်စင် လင်းပြီမို့ ကိုယ့်လိုပဲ ဖိနပ်ပြန်ရှာနေတဲ့သူ ဖိနပ်ပြန်တိုက်တဲ့သူတွေကို တွေ့နေရတယ်။ ကျွန်တော် ညဏ်နီညဏ်နက်သုံးပြီး အိမ်ပွဲတွေသွားရင် ဖိနပ်ကို တစ်ဖက်တနေရာစီ ချွတ်ထားနေကျ။ ဒါဆိုရင် ဘယ်သူမှ ကိုယ့်ဖိနပ်ကို ယူစီးဖို့ မတွေးတော့ဘူးလေ။ ဒါပေမယ့် ဒီတချီတော့ ခံလိုက်ရပြီ။

ဘယ်လိုမှရှာမတွေ့တဲ့အဆုံး လက်လျှော့ပြီး ဒီတိုင်းပြန်လိုက်တယ်။ အဲဒီမှာ ကျွန်တော်အပူတပြင်းရှာနေတဲ့ ဖိနပ်တစ်ဖက်က အိမ်မှာရှိနေတယ်။ ဝိုင်ပြန်လာယူရင်း စီးလာမိတာ ဖြစ်မယ်။

'တခါတလေ ပြဿနာတစ်ခု အရမ်းကြီးစဉ်းစား ရကြပ်နေရင် ပြဿနာအရင်းခံက ကိုယ်ကိုယ်တိုင် ဖြစ်နေတတ်တယ်' ဆိုတဲ့ အဆိုအမိန့်တစ်ခု ပြန်သတိရလာတယ်။ ဘယ်ပညာရှင်ပြောတာပါလိမ့် ဆိုတော့ ကျွန်တော်ကိုယ်တိုင်ကပဲ ကာကွယ်ရေးအစည်းအဝေးမှာ သူများကို စဆရကလုပ်ပြီး ဟောကြားခဲ့တာပါ။

...

သူ့ကို ညက ကျွန်တော်ဖွက်ထားပေးတဲ့ သူ့ဖိနပ် ပြန်သွားပေးတော့ သူက သူများဖိနပ်စီးထားတာ တွေ့ရလို့ ဆူပစ်လိုက်သေးတယ်။ အသက် ၅၀ နား ကပ်နေတဲ့လူကြီးက ကလေးတစ်ယောက်လို ငြိမ်ခံနေလေရဲ့။

...

မျက်လုံးနှစ်လုံး ဖွင့်လိုက်တော့ အချိန်က နေ့လယ်ခင်း လောက်ရှိရော့မယ်။ အမူးပြေသွားတော့ ညက အဖြစ်အပျက်တွေ ပြန်မြင်ယောင်လာပြီး ရှက်စိတ် တွေက ရေကာတာကျိုးသလို အလုံးလိုက်ဝင်လာတော့တယ်။ ရေအိုးတို့၊ လွယ်အိပ်တို့၊ စောင်ပုံတို့ စတာတွေလို အဝအခေါင်းရှိပြီး ခေါင်းထိုးလို့ရတဲ့ အရာတွေတွေ့ရင် ခေါင်းထိုးထည့်ပြီး အကျယ်ကြီး အော်ပစ်ချင်စိတ် ဖြစ်လာတယ်။ လူက ရယ်ချင်တာလိုလို ငိုချင်တာလိုလိုနဲ့။ ရှက်တာ။ ရှက်တာ။ အခုမှ။

ရှက်လွန်းအားကြီးလို့လေ ဒီကိစ္စကို ဘယ်သူ့မှ မပြောပြတော့ဘူး။ ဘယ်တော့မှပဲ။

Moonchο52

ကြယ်ကြွေတယ် ဆိုတာ ကြယ်သေတာ လား။ လူတွေကို နီးနီးကပ်ကပ် အလင်းပေးဖို့ မြေကြီးဆီကို ကြွေကျ ဆင်းသက်လာတာလား။ ဒါမှမဟုတ် ကြယ် ပွဲကြွေတာလား။ ဒါဆိုရင်တော့ ကြယ်ငိုတာပဲ ဖြစ်လိမ့်မယ်။

Asho

# ASHO NU XA'R WOO NU DIH HLUU

## အရှိုရယ်လို့ ဗမာလိုက်ရယ်

အခြားသူများ ရယ်မောစရာအကြောင်း တခုခုပြော၍ ဝိုင်းဖွဲ့ရယ်နေစဉ် ၎င်းပြောသည့်အကြောင်းအရာကို မသိပဲ ရောယောင်ရယ်မောသောသူများကို ရည်ညွှန်း၍ပြောသောစကားဖြစ်သည်။



## နန်းလုတိုက်ပွဲ

ရာဇပလ္လင်၊ ထီးနန်းတင်ဖို့
ပြည်နှင်သေဒဏ်၊ ရာဇသံအား
မင်းဒဏ်မင်းဝတ်၊ ညီစွာကွပ်၍
သင့်စေမှုပါအိုဘုရား။
အတိတ်နောက်ခံ၊ သမိုင်းလှန်သော်
တစ်သံတစ်သွေး၊ အမိန့်ပေးသည်
သူဌေးမင်းလုပ်၊ ဗိုလ်ချုပ်ကြီးတို့
စစ်မီးဆင်နွဲ၊ လွှန်ဆွဲခြင်းကြောင်း
ပြည်တွင်းစစ်မီးတောက်လေသည်။
စနစ်အဟောင်း၊ ခေတ်သစ်ပြောင်းရန်
ဗိုလ်လောင်းစစ်သား၊ စွန့်စားခန်းအား
လေးစားဂုဏ်ယူ၊ နန်းသစ်ထူစေ။

ဆလိုင်း ဟုန်းနိုင်း





# ကျဆုံးရဲဘော်ရဲ့ အမှားပြောတဲ့ တော်လှန်ရေး စကား

A Pi ကအသက်လည်းကြီးပြီ (၇၅) နှစ်ထဲဝင်ပြီ။ ဒါပေမယ့်အခုလို သားတို့ သမီးတို့ တော်လှန်ရေး လုပ်နေကြတာကို အရမ်းသဘောကျတယ်။ A Pi က ဘာမှမပေးနိုင် မကျွေးနိုင် တော်လှန်ရေး အတွက် မလှူနိုင်တာ အရမ်းစိတ်နာ မိတယ်။ A Pi တောင် အသက်ငယ်သေးရင် ဒီတော်လှန်ရေးထဲမှာ ပါဝင်မှာ။ ဒါပေမယ့် အသက်ကြီးတော့ မပါဝင်နိုင်တော့ဘူး၊ အသက်က မလိုက်တော့ဘူး။

အမြဲတမ်း လည်း ဘုရားဆီမှာ ဆုတောင်းတယ် အရင်ဆုံး ဘာဆုတောင်းသလဲဆိုရင်တော့ A Pi တို့ ချင်းလူမျိုးတွေ စိတ်ညီလက်ညီနဲ့ ဘာမဆိုလုပ်ရင်တော့ စစ်တိုက်တဲ့နေရာ မှာဖြစ်ဖြစ် ဘယ်နေရာမှာဖြစ်ဖြစ် စည်းလုံးကြဖို့ အမြဲတမ်း ဆုတောင်းတယ်။ ဒါပေမယ့် A Pi ဆုတောင်းတာ ဒီနေ့ထိ မပြည့်နိုင်ဘူး။ ဒါပေမယ့် A Pi ဆုတောင်းတာမနေဘူး။ အခုမပြည့်စုံ ရင်လည်း A Pi သေဆုံးပြီး မှလည်း ဖြစ်ရင်ဖြစ်မယ်ပေ့ါ တစ်နေ့နေ့တော့ A Pi တို့ ချင်းလူမျိုးတွေအတွက် အကောင်း ဆုံးဖြစ်လာမယ့်အရာ ပေါ်လာမယ်။ ဘုရားသခင်က ချင်းပြည်ကို ကောင်းချီး ပေးပြီးတော့ ဒီချင်းလူမျိုးတွေကို ချီးမြှောက် ပေးမယ်ဆိုတဲ့အရာက လုံးဝ ပြည့်စုံလာလိမ့်မယ်လို့ ယုံကြည်တယ်။ ဒါကြောင့်မို့ အခု တော်လှန်ရေးလုပ်နေကြတဲ့ သားငယ်/ သမီးငယ် လေးတွေလည်း လုံးဝစိတ်မပျက်ကြနဲ့။ သတ္တိရှိရှိနဲ့ ပိုပြီးရဲရင့်ကြပါ။

အခု သူ့ရဲ့ကောင်းတွေရဲ့ သွေးတွေဟာ အမြဲတမ်း အော်ဟစ်နေကြတယ်။ ဒီလိုပဲ တော်လှန်ရေးလုပ်နေတဲ့ လက်ပံချောင်းက မိတ်ဆွေရဲ့မြေး တစ်ယောက်တိုက်ပွဲ ကျသွားတော့ A Pi ကသွားတော့သွားတယ် သူ့ရုပ်ကလပ်ကို မမှီလိုက်ဘူး A Pi အရမ်းဝမ်းနည်းပြီးတော့ ငိုကြွေးတယ် အဲ့အချိန်မှာဘုရားက ချင်းလူမျိုးတွေဟာ သူ့စကားနားမထောင်ဘူး၊ အရမ်း အပြစ်များတယ် ဒီသူတို့ အသွေးတွေနဲ့ပဲ လွတ်မြောက်ချင်း ရမယ်ဆိုပြီးတော့ A Pi စိတ်ဝိညာဉ်ထဲကနေ စကားလာပြောတဲ့အချိန်မှာတော့ ကိုယ်တော် ကျမကို ခွင့်လွှတ်ပေးတော်မူပါ ကျမရဲ့ သားတွေ၊ မြေးတွေရဲ့ အသက်ကို နှမြောသလို လူပေါင်း များစွာရဲ့ အသက်ကိုလည်း နှမြောလို့ပါ ဆိုပြီး ပြန်ဆုတောင်းတယ်။

အခုလည်း A Pi ရဲ့ နောက်ထပ်မြေး တစ်ယောက် Bawi Siam Thar က ဒီလိုပုံစံပြန်ဖြစ်တော့ ''အော်...ငါလည်း တိုင်းပြည်နှင့် လူမျိုးအတွက် သူ့ရဲကောင်းတွေ ရဲ့ အဘွားဖြစ်ရတာ ဒီတော်လှန်ရေးမှာ ငါလည်း တစ်စိတ် တစ်ပိုင်း ပါဝင်နေတာ ပဲလို့ ကိုယ့်ဘာသာကို ဂုဏ်ယူမိတယ်။ ငါ့ရဲ့မြေးလေးတွေဟာ ဒီတော်လှန်ရေး ပြီးဆုံးသည့်ထိ ပါဝင်နိုင် ခြင်းမရှိခဲ့ကြပေမယ့် ကျန်ရှိနေကြတဲ့ ဒီတော်လှန်ရေး သူ့ရဲကောင်းတွေဟာ နိုင်ကိုနိုင်ရမယ်၊ လုံးဝစိတ်ဓာတ်မကျ ကြပါနဲ့ ၊ပိုပြီးတော့ ရဲရင့်ကြပါ၊ ခေါင်းဆောင်တွေ အားလုံးကလည်း ဆုတောင်းကြပါ အောင်နိုင်ခြင်းကို ပေးစွမ်းနိုင်တာ ဘုရားဖြစ်တယ် ၊ကိုယ့်ရဲ့ခွန်အား ဉာဏ်ပညာတွေကိုပဲ အားကိုးပြီးမှ အောင်နိုင်မှာမဟုတ်ဘူး။ ပြည်သူတွေဟာဆိုရင်လည်း သားတို့/ သမီးတို့ ဖက်မှာ အမြဲတမ်းရှိနေကြတယ်။ တော်လှန်ရေးသမားတွေဖက်မှာ မရပ်တည်ကြတဲ့ ပျူစောထီးတွေလည်း မကြာခင်မှာ ပျက်သုဉ်းကုန်ကြတော့မှာပါ။ ဒါကြောင့် ဘုရားမကြိုက်တာ လုပ်ခဲ့တဲ့ အရာတွေလည်း အကုန်စွန့်ပစ်ကြပါ မကြာမီမှာပဲ A Pi တို့ချင်းပြည်ကို ဘုရားကကောင်းချီးပေးမယ်။ သူ့ဘုန်းတော်ထင်ရှားစေမယ့် လူမျိုးဖြစ်စေမယ်ဆိုတာလေးကို ပြောချင်ပါတယ်။

အခုလို A Pi ရဲ့မြေးလေး ဒီတော်လှန်ရေးမှာအသက်ပေးသွားတဲ့ အချိန်မှာ အားလုံးက ဝိုင်းပြီးကူညီပေးကြတယ် အခက်အခဲတွေများစွာထဲက သူ့ရဲ့ နောက်ဆုံး ရုပ်ကလာပ်လေးကိုလည်း A Pi တို့ဆီအရောက်လာပို့ပြီး နွေးထွေးမှုတွေ ချစ်ခင်မှုတွေများစွာနဲ့ အခုလို အဘက်ဘက် ကနေ ပံ့ပိုးပေးကြတဲ့အတွက် A Pi လိုစကားကောင်းကောင်း မပြောတတ် ဘာမှလုပ်နိုင်စွမ်းမလည်းမရှိတဲ့ သူတစ်ယောက် အနေနဲ့ အရမ်းကျေးဇူးတင်တယ် ဆိုတာလေးကိုလည်း ပြောချင်ပါတယ်။ ဖြစ်နိုင်ရင်တော့ A Pi ရဲ့မြေးလေးကို အသက်ရှင်စေချင်သေးတာပေ့ါနော့် ဒီတော်လှန်ရေးကြီး အောင်မြင်သွားတဲ့ချိန်မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ အောင်ပွဲခံတာကို A Pi အနေနဲ့တော့ မြင်ချင်တယ်





သူ့အသံလေးတွေလည်း ကြားနေချင်သေးတာပေါ့ ။

ဒါပေမယ့် ဒီလိုတိုင်းပြည်နှင့် လူမျိုးအတွက် အသက်ပေးလှူသွားတဲ့ A Pi ရဲ့မြေးလေး ချင်းအမျိုးသား တပ်မတော်ရဲ့ ဒုအရာခံဗိုလ် Bawi Siam Thar (A Bawi) ကိုလည်း ကျေးဇူးတင်တယ်။ ဘာကြောင့်မို့လဲဆိုရင်တော့ သူတို့အသက်အရွယ်လေးတွေ အချို့ဟာဆိုရင် လက်နက်ကိုင်တော်လှန်ရေးထဲမပါဝင်ဘဲနဲ့လည်း တခြားအရာတွေကြောင့် အသက်ဆုံးရှုံးတဲ့သူတွေအများကြီးပါပဲ။ အဲဒီထဲမှ A Pi ရဲ့မြေးလေးဟာဆိုရင် မွန်မြတ်စွာပဲ တိုင်းပြည်နှင့်လူမျိုးအတွက် အသက် ပေးလှူ သွားတာဖြစ်တယ်။ A Pi အနေနဲ့ အဲ့လို သူရဲကောင်းတစ်ယောက်ရဲ့ အဘွားဖြစ်ရတာ အရမ်းဂုဏ်ပါတယ် ဆိုတာလည်း နောက်ဆုံးပြောချင်ပါတယ်။ ၆

❝အော်…ငါလည်း တိုင်းပြည်နှင့် လူမျိုးအတွက်
သူရဲကောင်းတွေရဲ့ အဘွားဖြစ်ရတာ
ဒီတော်လှန်ရေးမှာ
ငါလည်းတစ်စိတ်တစ်ပိုင်း ပါဝင်နေတာပဲလို့
ကိုယ့်ဘာသာကို ဂုဏ်ယူမိတယ်❞

❝ချင်းလူမျိုးတွေ
စိတ်ညီလက်ညီနဲ့
စစ်တိုက်တဲ့နေရာ မှာဖြစ်ဖြစ်
ဘယ်နေရာမှာဖြစ်ဖြစ်
စည်းလုံးကြဖို့
အမြဲတမ်း ဆုတောင်းတယ်။
ဒါပေမယ့် A Pi ဆုတောင်းတာ
ဒီနေ့ထိမပြည့်နိုင်ဘူး❞



Sgt. Bawi Siam Thar (2021)

အောက်ချင်းငှက်ရဲ့ သစ္စာ

သစ္စာသွေးနဲ့ မာန်ဝင့်ချီကာ
ရင်ကော့ ခေါင်းမော့
မားမတ်ရပ်တည်
မွေးဖွားစေတဲ့
ချင်း (အောက်ချင်းငှက်ရင်သွေး)
အို အသင်....ချင်း
သစ္စာနှစ်ခါ ပျက်ခဲ့ရင်
သင့်ကို......
ဒီ ချင်းတောင်တန်းကြီးက
လက်မခံတော့ဘူး ဆိုတာ
မမေ့ပါနဲ့

ချင်း

# သင့်စာတွေကို CNJ က အလိုရှိတယ်

## သင်က

ရှေ့တန်းမှာ သေနတ်ကိုင်ပြီး တိုက်ခိုက်နေတဲ့ ရဲဘော်တစ်ယောက်လား
ဒါမှမဟုတ် နောက်တန်းက ထောက်ပံ့ပေးနေတဲ့ ရဲဘော်တစ်ယောက်လား
ကဗျာရေးတဲ့သူ တစ်ယောက်လား၊ စာတွေရေးတဲ့သူလား
အတတ်ပညာ တစ်ခုခုကို အများနဲ့ မျှဝေချင်တာလား
နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး ဒါတွေကို သုံးသပ်တတ်တဲ့သူလား
ခံစားချက်တွေကို ရင်ဖွင့်ပြချင်လား
ဘယ်လိုအခြေအနေတွေအတွက်ပဲ ဖြစ်ဖြစ်
သင့်ရဲ့ခံစားချက်တွေ၊ အကြံပြုချက်တွေ၊ အတွေ့အကြုံ ဇာတ်လမ်းတွေကို
CNJ မှအလိုရှိတယ်။

CNJ ကိုအောက်ပါ email နဲ့ link တွေက တဆင့်
ဆက်သွယ်ပေးပို့နိုင်ပါတယ်။

cic.public@protonmail.com
chinlandinformationcenter (facebook page)




ငှါဒူးတစ်ဖက်က
နိပွန်တွေကို တိုက်ထုတ်တုန်းက
တိုင်းပြည်ကိုလှူခဲ့တာ
ပါးပြင်ကအမာရွတ်ကို ပြည်တွင်းစစ်မှာရခဲ့တာ
ဆွေစဉ်မျိုးဆက်ဒဏ်ရာကိုတော့
တိုင်းပြည်ကချီးမြှင့်ခဲ့တာ
အခုတောင်ယာကိုတော့
ယုံကြည်ချက်နဲ့ခုတ်ရမယ်တဲ့
**CHIN NATIONAL JOURNAL**
jan - july 2025